


# ရေး လာ တဲ့ ပေး စာ

19 November 2004

သို့

**မင်္ဂလာပါကွဏ်းခေါ်**

ကျနော်ဟာ ချင်းတိုင်းရင်းသားတဦးပါ၊ အမှုတခုနဲ့ ချင်းရိုင်းထောင်မှာ 6 နှစ်နေရမယ့်သူတဦးဖြစ်ပါတယ်။ ထွက်သမျှကွဏ်းခေါ် စာစောင်ကို အမြဲတမ်းအားပေးဖတ်ရှုတဲ့ ပရိသတ်တဦးလဲဖြစ်ပါတယ်။ ကွဏ်းခေါ် က ပေးတဲ့ ဗဟုသုတကိုဘဲ ကျနော်တို့ထောင်သားတွေရပါတယ်။ အယ်ဒီတာကို ကျနော်မသိသေးတဲ့ မေးခွန်းတွေမေးချင်ပါတယ်။ မမေးသင့်တာတွေကို ပယ်ဖျက်ပြီး မေးသင့်မေးထိုက်တဲ့ဟာတွေကို ဖြေကြားပေးပါခင်ဗျား။

(1) Burma ဟာ သဘာဝရတနာပစ္စည်းနဲ့ သယံဇာတတွေပေါများစွာထွက်တဲ့ နိုင်ငံဖြစ်ပြီး ဘာဖြစ်လို့ ဆင်းရဲသားနိုင်ငံအဖြစ် သတ်မှတ်ခံရပါသလဲ?

(2) မိုးကုတ်၊ မိုင်းရှူး၊ ဖာကန့်ကျောက်မျက်တွင်းက ရတနာကျောက်ကောင်း တစ်လုံးရောင်းလိုက်ရင် လိုချင်တာဝယ်လို့ရတယ်။ ဘာဖြစ်လို့ တခြားနိုင်ငံကနေ ငွေချေးနေရပါသလဲ?

(3) 1990 ရွေးကောက်ပွဲ ကျင်းပပေးပြီးတာနဲ့ ပြည်သူလူထုကို အာဏာလွှဲပေးမယ်လို့ နဝတပြောခဲ့ပေမဲ့ 16 နှစ်ရှိပါပြီ။ ခုထက်ထိ ဘယ်သူ့လက်ထဲကိုမှ ဘာလို့လွှဲမပေးသေးသလဲ?

(4) ရှေ့လျှောက် Burma ရဲ့ နိုင်ငံရေးအလားအလာကို ဘယ်လိုမြင်ပါသလဲ?

(5) NLD ဒေါ်စုအတွက် ရှေ့ဖြစ်အခြေအနေကောင်းတွေ မြင်ချင်ပါတယ်၊ ဘယ်လိုမြင်ပါသလဲ?

(6) Burma ဟာ ဒီအတောအတွင်း နိုင်ငံရေးပြောင်းလဲမှုတွေရှိလာပါတယ်၊ ဘယ်လိုမြင်ပါသလဲ?

ဖြေကြားပေးမယ်လို့ ကျနော်ယုံကြည်စွာမျှော်လင့်နေပါတယ်။ တော်လှန်ရေးတိုက်ပွဲဆင်နွှဲနေကြသော စစ်ယွက်စစ်နဲ့ အပေါင်းပါအားလုံး တိုက်ပွဲအမြဲတမ်းအောင်မြင်ပြီး လိုရာပန်းတိုင်ရောက်နိုင်ပါစေ။

**မတူပီချင်း**

(ခေတ္တ အမှောင်တိုက် ချင်းရိုင်း)

~ ~ ~ ~ ~ ~ ~ ~ ~

**သို့**

**မတူပီချင်း**

တိမ်မယောင်နဲ့နက်တဲ့ မေးခွန်းတွေကို လိုရင်းတိုရှင်းဖြစ်အောင် ကြိုးစားဖြေကြားလိုက်ပါတယ်။

(1) စနစ်ဆိုးကြောင့် ဖေါင်စီးရင်းရေငတ်နေတဲ့တိုင်းပြည်ဖြစ်လို့ တိုင်းပြည်ချွတ်ခြုံကျရတယ်။ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ LDC (ဝါ) အဆင်းရဲဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရတာက တမျိုးသားလုံးကုန်ထုတ်လုပ်မှုပမာဏ GDP၊ လူတဦးချင်းရဲ့တနှစ်အတွင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်း၊ ပျမ်းမျှလူ့သက်တမ်းစတာတွေကို လေ့လာပြီးမှ ဆုံးဖြတ်တယ်လို့ ကြားဘူးပါတယ်။

(2) အနှစ် 3-40 အတွင်း တိုင်းပြည်ရဲ့ အဖိုးတန်သယံဇာတအဆီအနှစ်မှန်သမျှဟာ တိုင်းသူပြည်သားများရဲ့ အကျိုးစီးပွားအတွက်ထက် စစ်အာဏာရှင်ထိပ်သီးကြီးတွေရဲ့ အိပ်ထောင်ထဲ မိသားစုသေတ္တာထဲ အကုန်ရောက်ကြလို့ဖြစ်ပါတယ်။

(3) *အာဏာလွှဲပေးဖို့မပြောနဲ့၊ ဆွေးနွေးဘို့တောင် စဉ်းစားမှာ မဟုတ်ဘူးလို့* – ဗိုလ်ချုပ်စိုးဝင်းက ဝန်ကြီးချုပ်အသစ် မဖြစ်ခင်ကတည်းက ဆိုထား ပြီးပြီလေ။ 16 နှစ်မကလို့ 36 နှစ်ဘဲကြာကြာ၊အာဏာကို ဒင်းတို့ခုံမင်တွယ်တာမက်မောမှိန်းမူးယစ်ကျူးအရသာတွေ့လွန်းလို့ (အာဏာရှိရင် အကုန်ရှိ၊ အာဏာရရင် ကိုယ်ကျိုးစီးပွားအကုန်ရလို့) လွှဲမပေးတာဘဲဖြစ်မှာပေါ့။

(4) အဖိနှိပ်ခံပြည်သူလူထုရဲ့ ကံကြမ္မာကိုမဆိုထားနဲ့၊ နအဖစစ်အုပ်စုမှာတောင်မှ အနာဂတ်မဲ့ဖြစ်နေပါတယ်။ လက်မရွံ့များကြီးစိုးတဲ့ အမှောင်ကမ္ဘာသံသရာကနေ ဘယ်တော့ လွန်မြောက်မလဲဆိုတာ ပြည်တွင်းအင်အား အဓိက၊ ပြည်ပလှုပ်ရှားမှုလည်း အရေးပါ– အဲဒီအချက်တွေအပေါ် မှာ အများကြီး မူတည်ပါတယ်။

(5) ပြင်ပလောကနဲ့ အဆက်ဖြတ်၊ အခြွေအရံတွေအဖြတ်ခံလိုက်ရတဲ့ ဒေါ်စုအဖို့ ရှေ့ရေးအခြေအနေကောင်းဆိုတာ ဝိုးတိုးဝါးတားအနေအထားကပိုများပါတယ်။ ဒေါ်စုရဲ့ နောက်ထပ်ထွက်ပေါက်သစ်ရှာမှု၊ နည်းနာသစ်ကြံဆမှု၊ တမူထူးခြားတဲ့လှုပ်ရှားမှု၊ ပညာသားပါတဲ့ ပရိယာယ်ကြွယ်ဝမှု၊ ထင်သာမြင်သာရှိတဲ့ စွန့်စားမှု၊ ရဲဝံ့ပြတ်သားတဲ့ တိုက်ပွဲဝင်မှုစတာတွေအပေါ် အများကြီးမူတည်ပါတယ်။

(6) ပြောင်းလဲမှုက အပေါ်ယံရွှေမှုံ့ကြဲတဲ့ ပြောင်းလဲမှုပါ။ အထိုက်အလျောက် တချို့တလေရှိတယ်ထားဦး။ နိုင်ငံရေးပြောင်းလဲမှုဆိုတာထက် အုပ်စုတိုက်ပွဲကြောင့် နအဖအတွင်း ပြောင်းလဲမှုလို့ ပြောရင် ပိုမှန်မယ်ထင်ပါတယ်။

**အယ်ဒီတာ**



127 Burmese.pmd 17 27/1/2548, 0:24

22 October 2004

သို့

**ကွဏ်းခေါ် အယ်ဒီတာခင်ဗျား**

အာဏာရှင်စနစ်ကို တော်လှန်နေကြသော လူပုဂ္ဂိုလ်အဖွဲ့အစည်း အသီးသီးနဲ့တကွ "ကွဏ်းခေါ်" စာဖတ်ပရိသတ်များအပေါ် လေးစားစွာ ဂါဝရပြုရင်း **"အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ"** နဲ့ လက်ရှိနိုင်ငံရေးလောကအခြေအနေ ယှဉ်တွဲပြီး အနည်းအကျဉ်းပြောချင်ပါတယ်။

ကျနော်လေ့လာသိရှိခဲ့ရသလောက် 1948 ဒီဇင်ဘာလ 10 ရက်နေ့မှာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံက ပြဋ္ဌာန်းခဲ့ပါတယ်။ တကမ္ဘာလုံးမှာရှိနေတဲ့ လူ့အခွင့်အရေးအဖွဲ့အစည်းတွေကလည်း ဒီကြေညာစာတမ်းကို အခြေခံထားသလို နောက်ပိုင်းပေါ်ပေါက်လာတဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်တွေလည်း ဒီကြေညာစာတမ်းပေါ်မှာပဲ အခြေခံပြီး ပေါ်ပေါက်လာတာပါ။ လူတိုင်းမှာရှိရမယ့် လွတ်လပ်စွာပြောဆိုရေးသားထုတ်ဖေါ်ပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ကြောက်ရွံ့နေတဲ့အဖြစ်က ကင်းလွတ်ခွင့် စတဲ့ လူ့အခွင့်အရေးတွေ အဲဒီစာတမ်းမှာ တစ်ခုပြီးတစ်ခု ခေါ်ပြထားတာကိုလည်း တွေ့ရပါတယ်။

ဒါပေမယ့် ကျနော်တို့တိုင်းပြည်မှာ လွတ်လပ်စွာပြောဆိုရေးသားခွင့်မရှိတဲ့အတွက် နဝတ၊ နအဖ အာဏာရှင်စစ်အုပ်စုဟာ သူတို့ ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေ ဖုံးကွယ်ထားမယ်ဆိုရင် ဖိနှိပ်မှုဒဏ်ခံနေကြရတဲ့ ပြည်သူတွေအနေနဲ့ တရားနည်းလမ်းအရ အရေးမယူ တရားမစွဲနိုင်ပဲဖြစ်နေပါတယ်။ လူတိုင်းလွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရှိမှသာ မတရား လုပ်မှုတွေကို ဖေါ်ထုတ်နိုင်မှာဖြစ်ပါတယ်။

**ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း**ဟာ လူတိုင်းနားလည်သဘောပေါက်သိရှိထားသင့်တဲ့ စာတမ်းတခုဖြစ်ပါတယ်။ အဲဒီစာတမ်းကို နိုင်ငံပေါင်း 100 ကျော် လက်မှတ်ရေးထိုးထားတဲ့အထဲမှာ မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ပါတယ်။ အဲဒီစာချုပ်ကိုမှာ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ အပိုဒ် 53 ပိုဒ် ပါရှိပါတယ်။ အပိုဒ် 5 မှာ ဘယ်သူ့ကိုမှ နှိပ်စက်ညှင်းပန်းခြင်းမပြုရ။ လူမဆန်တဲ့ ဆက်ဆံရေးမျိုး အပြစ်ဒဏ်မျိုး မကျင့်သုံးရလို့ဆိုထားပေမယ့်၊ နဝတ၊ နအဖ စစ်အာဏာရှင်တွေ လိုက်နာမှုလုံးဝမရှိခဲ့ပါဘူး။ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု၊ ပေါ်တာဆွဲမှု၊ မုဒိန်းမှုတွေဟာ နိုင်ငံနဲ့တဝှမ်း အများအပြားရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အပိုဒ် 21 မှာဆိုရင် အာဏာအစစ်အမှန်ဟာ **သေနတ်** မဟုတ်ဘူး **ပြည်သူလူထုရဲ့ဆန္ဒ** သာဖြစ်ကြောင်း ဖေါ်ဆောင်ထားပါတယ်။

ဒါကြောင့် အုပ်ချုပ်သူအစိုးရတစ်ရပ်ဟာ အပြည်ပြည်ဆိုင်ရာဥပဒေနဲ့အညီ ကျင့်သုံးသလား၊ မကျင့်သုံးဘူးလားဆိုတာ သိရှိဖို့ဟာ အရမ်းအရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စအတွက် ကျနော်တို့ ကျောင်းသားလူငယ်၊ ပြည်သူလူထုတရပ်လုံးနဲ့တကွ အာဏာရှင်စနစ်ကို တိုက်ခိုက်နေတဲ့ အဖွဲ့အစည်းအသီးသီးမှာ တာဝန်ရှိကြပါတယ်။ အားလုံးစည်းလုံးညီညွတ်စွာ ပူးပေါင်းပြီး လူ့အခွင့်အရေးတွေ ချိုးဖေါက်နေတဲ့ နဝတ၊ နအဖအာဏာရှင်စစ်အုပ်စုကို ဘက်ပေါင်းစုံကနေ မလျှော့သောဇွဲ၊ လုံ့လနဲ့ သတ္တိရှိရှိ ဆက်လက်တိုက်ပွဲဝင်သွားဖို့ "ကွဏ်းခေါ်" မှတဆင့် အားပေးနှိုးဆော်လိုက်ပါတယ်ခင်ဗျား။

**ပြေငြိမ်း (ခ) အရိန်း**
ABSDF






127 Burmese.pmd 18 27/1/2548, 0:24

# အညုတြဲစစ်သည်တစ်ဦးသိခဲ့ဖူးသော ဝန်ကြီးချုပ်စိုးဝင်း

## အပိုင်း (၁)

ကျနော် ဗိုလ်ချုပ်စိုးဝင်းကို စတွေ့တာ 1990 မှာ။ အသစ်ဖွဲ့စ ခလရ 226 လွယ်မွေ တောင်ပေါ်စခန်းမြို့မှာ။ ဗိုလ်မှူးအဆင့်နဲ့ သူ တပ်ရင်းမှူး ဖြစ်တဲ့အချိန်။ 1991 မှာ ဒု–ဗိုလ်မှူးကြီးရာထူးရတယ်။ 1993 အထိ သူတပ်ရင်းမှူးဖြစ်တယ်။ သူ ဘယ်ကပြောင်းလာသလဲတော့ မသိဘူး။ တပ်ရင်းမှူး ဖြစ်တယ်ဆိုတာဘဲသိတယ်။ ဒုရင်းမှူးက ဗိုလ်မှူးအောင်ဇော်ဇော်။ ခလရ 226 ကို ဂျူလိုင် 1990 မှာ ဖွင့်တယ်။ တပ်ရင်းအသီးသီးက အင်အားနည်းနည်းစီဖဲ့ထုတ်တာ။ စဖွဲ့တုံးက 5 ခွဲလောက်ရှိမယ်။ အင်အား 400 ကျော်။ ကျနော်အစက ခွဲမှူးဗိုလ်မှူးသန်းဝင်း ဦးဆောင်တဲ့ခွဲ 1 ထဲမှာ။ ကျနော် ကရင်ပြည်ကပြောင်းလာတာ။

1988 တုံးက ရန်ကုန်အရေးအခင်းနှိမ်နင်းဖို့ သူ့ကို ရန်ကုန် ဆင့်ခေါ်လိုက်တယ်ဆိုတာလဲ ဖြစ်နိုင်ပါတယ်။ အဲဒီအချိန်ကျနော့်အထင်တော့ ဗိုလ်မှူး ရာထူးနဲ့ သူ ဒုရင်းမှူးဖြစ်ဖို့များတယ်။ စာစောင်တွေထဲရေးသလို ဒုဗမက အဆင့်ဆိုတာတော့ မဖြစ်နိုင်ဘူး။

ခလရ 226 မှာ တပ်ရင်းမှူးစိုးဝင်းရဲ့ လက်ဖြောင့်တပ်ဖွဲ့ 8-9 ယောက်ထဲမှာ ကျနော် တယောက်ပါတယ်။ သူက အလုပ်လုပ်ရင် တိတိကျကျမြန်မြန်ဆန်ဆန်လုပ်တတ်တယ်။ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး။ ဖြစ်အောင်လုပ်တယ်။ စည်းကမ်းလိုက်နာမှုနဲ့ အမိန့်နာခံမှုက အဓိကဘဲ။ နေထိုင်တာ ဝတ်စားတာ သေသေသပ်သပ်၊ ကို့ယို့ကားယားဝတ်ရင် မကြိုက်ဘူး။ သူ့မှာ အားသာချက်တွေများတယ်။ အားနည်းပျော့ညံ့ချက်သိပ်မရှိသလောက်ဘဲ။ အရက်သောက်လဲ ညနေထမင်းစားခါနီး 2-3 ပက်ဘဲ။ တယောက်ထဲသောက်တယ်။ သီးသန့်ပျော်ပွဲရွှင်ပွဲတွေလဲ သွားခဲတယ်။ အရာရှိတွေနဲ့အရက်ဝိုင်းထိုင်မသောက်ဘူး။ ပါတီပွဲတွေမသွားဘူး။ အလံချပြီး 05:30 - 18:00 နာရီလောက်မှ Uniform ချွတ်တယ်။ နက်ဖြန်လုပ်ငန်းအတွက် အရာရှိတွေနဲ အားလုံးစကားပြောပြီးမှ သောက်



PHOTO: AFP

တယ်။ ဆေးလိပ်မသောက်၊ လောင်းကစားမလုပ်၊ အငယ်အနှောင်းမရှိ။ အလုပ် လုပ်လဲ ပြတ်ပြတ်သားသားလုပ်တယ်။ ကျနော့် အသက် 18-19 ဆိုတော့ အခြားဘာမှသိပ်မသိဘူး၊ ဗိုလ်ချုပ်စိုးဝင်းရဲ့ နောက်ကြောင်းရာဇဝင်လည်း စိတ်မဝင်စားခဲ့ဘူး။

**ရှေးဘုရားဌာပနာပစ္စည်းရတဲ့ လွယ်မွေက တောင်ကမူပေါ်မှာဘဲ ဗိုလ်မှူးစိုးဝင်းအစဖေါ် ပေးလိုက်တဲ့ ရွှေတိဂုံပုံတူတည်လိုက်တယ်**

ကနေ့ ဝန်ကြီးချုပ်ဖြစ်နေတဲ့ ဗိုလ်ချုပ်စိုးဝင်းကို စစ်တပ်အမြင်နဲ့ကြည့်ရင် တာဝန်ကျေကျေ တိတိကျကျထမ်းဆောင်နိုင်တဲ့လူတယောက်ဆိုတော့ ဝန်ကြီးချုပ်နေရာရတာ ထိုက်တန်တယ်ထင်တယ်။ အရပ်သားရှုဒေါင့်ကပြန်ကြည့်ရင် အရမ်းတိကျတဲ့တာဝန် ထမ်းဆောင်ဘူးတဲ့လူအဖို့ ဒီရာထူးနဲ့သိပ်မကိုက်သလိုဘဲ။ သူဟာ အမြင့်ဆုံးရာထူးအထိ ဆင့်ကဲဆင့်ကဲရခဲ့တာဖြစ်တယ်။ တခြားလူ သူ့လိုနေချင်လဲ သူ့လိုဖြစ်စရာအကြောင်း မရှိဘူး။ သူ့ဘဝမှာ ဗိုလ်ကြီး၊ ဗိုလ်မှူးအဆင့်ကနေ အခုထိ လုပ်လာတာမဖြစ်ဘူးဆိုတာ မရှိဘူး၊ အကုန်ဖြစ်လာသလိုဘဲ။ သူ့ပညာအရည်အချင်းက ဘွဲ့ရပြီးသားဆိုတာပဲသိ တယ်။ DSA ဆင်းပေါ့။ အင်္ဂလိပ်စကားပြောတာတော့ မတွေ့ဖူးဘူး၊ လေ့လာလိုက်စားတယ်ဆိုတာတော့ ကြားဖူးတယ်။

သူရာထူးအတက်မြန်မယ်ဆိုတဲ့ ကြိုတင်ဟောကိန်းတွေရှိခဲ့တယ်။ 226 ရင်းမှူးဘဝတုံးက သူ့ထက် စီနီယာကျတဲ့အရာရှိတွေကိုကျော်ပြီး လွယ်မွေကနေ ကျိုင်းတုံမှာ ယာယီ ဒကစ 1 မှူး (ဗိုလ်ချုပ်ကျော်ဝင်းမရှိတဲ့အချိန်) သွားဖြစ်ရသေးတယ်။ အဲဒီကတဲက သူ့တက်လမ်းရှင်းခဲ့တယ်။ လူကြီးတွေ သူ့အပေါ်မျက်စိကျလာတယ်၊ သူ့လုပ်ရည်ကိုင်ရည်ကိုသဘောကျကြတယ်။ အဲဒီတုံးက အထက်ခေါင်းဆောင်တွေအမြင်မှာ လွယ်မွေတပ်ကို စရောက်တာနဲ့ သူများနဲ့မတူအောင် အဲဒီတောင်ပေါ်ဒေသကိုချက်ချင်းပဲ တသီးတခြားလှလှပပဖြစ်အောင် စီစဉ်တယ်ပေါ့။ တပ်တွင်းစည်းကမ်းပိုင်းမှာ တိကျစွာလိုက်နာအောင် ဦးဆောင်တယ်။ ပိုပြီးထူးခြားတာက (ကျိုင်းတုံအနောက်တောင်ဖက်) တောင်ပေါ် 5 အုပ်စုမှာတိုက်ပွဲမဖြစ်ပဲလက်နက်တွေအများကြီးရလိုက်တယ်။ အလက် 4-50 ကျော်တယ်။ အဲဒီတုံးက သူ့ရဲ့အောင်မြင်မှုကြီးတခုဘဲ။ ဒေသခံလားဟူပြည်သူ့စစ်တွေနဲ့နွား၊ ဘိန်းမှောင်ခိုအဖွဲ့ရဲ့လက်နက်တွေ။ တခြားနေရာ/အချိန်မှာတိုက်ပွဲဖြစ်တာ အဲလောက်များတဲ့ သေနတ်တွေတခါမှမရဖူးဘူး။ 1992 ထဲမှာဖြစ်တယ်။ လူတွေတော့ မဖမ်းမိဘူး။ လက်နက်ထားပြီးတော့ထွက်ပြေးကြတယ်။ နည်းနည်းပါးပါးဘဲခံပစ်ပြီးအထုတ်အပိုးတွေ ထားခဲ့တယ်။

1990 နှောင်းပိုင်း လွယ်မွေ ရှေးဘုရားပျက်ဂမူတခုမှာ (ဌာပနာထားတဲ့) သပိတ်တလုံးထဲက ရှေးဟောင်းဘုရားရုပ်ထုတွေရတယ်။ လွယ်မွေနယ်မြေ သန့်ရှင်းရေးလုပ်တုံးပေါ့။ ခြုံတွေရှင်းမျက်တွေပေါက်ပေါ့။ တောင်ဂမူလေးတခုမှာ ပေါက်ပြားနဲ့ပေါက်မိ တယ်။ ဘုရားပျက်ဌာပနာသပိတ်တခုတွေ့တယ်။ အဖိုးတန်ပစ္စည်းတချို့နဲ့ ဘုရားတွေပါ တယ်။ ပေါက်ပြားနဲ့ပေါက်မိလို့ သပိတ်တောင် နည်းနည်းကွဲသွားတယ်။ ဘုရားတဆူလဲ ဂုတ် တော်မှာထိသွားတယ်။ တထွာလောက်ရှိမှာပေါ့။ အားလုံး 7 ဆူနဲ့ တခြားသေးသေးလေး တွေပါတယ်။ အဲဒါတွေကို ရင်းမှူးဗိုလ်မှူးစိုးဝင်း က အသေအချာရေနဲ့ဆေး၊ စားပွဲ



127 Burmese.pmd 19 27/1/2548, 0:24

ပေါ်မှာ ပိတ်စ အောက်ခံခင်းပြီးတင်ထားတယ်။ အဲဒါရတဲ့ အကြောင်း ဒကစ/ရပခကနေ ဗဟိုစစ်ရုံးချုပ် အထိ သတင်းပို့တယ်။ နောက်ပိုင်း အဲဒီဘုရားရတဲ့နေရာကို ဘုရားတည်ရမယ်ဆိုပြီး ညွှန်ကြားလာတယ်။ နဝတခေတ်ဦးမှာ ဘုရားတည် ထုံးသုတ်အလုပ် တပြည်လုံး စလုပ်လာတဲ့အချိန်ပေါ့။ ဗိုလ်မှူးစိုးဝင်းရဲ့တပ်ရင်းက အဲဒါမျိုးရတော့ လူကြီးတွေက စိတ်ဝင်စားတာပေါ့။ ဘုရားလာဘ်ပေါ်တယ်လို့ ပြောတယ်။ နောက်ပိုင်း ဗိုလ်ချုပ်ကြီးမောင်အေးရော ဗိုလ်ချုပ်ကြီးသန်းရွှေရော လွယ်မွေအထိလာကြည့်ကြတယ်။ တခြားနေရာကို တခါမှ မသွားဘူးတဲ့ အမျိုးသမီးစစ်တီးဝိုင်းအဖွဲ့လည်းပါလာတယ်။ (အဲဒီအချိန်ကစပြီး ရွှေတိဂုံပုံတူဘုရားကို လွယ်မွေမှာ ပထမဆုံးတည်တယ်။ အဲဒီကစ တာချီလိတ်၊ ကွန်ဟိန်း၊ မိုင်းရယ်၊ ပန်ဆန်း၊ မိုင်းပန်၊ ပင်လုံမြို့တွေမှာ ရွှေတိဂုံပုံတူတွေ တောက်လျှောက်တည်လာတယ်။)

ရှေးဘုရားဌာပနာပစ္စည်းရတဲ့ လွယ်မွေက တောင်ကမူပေါ်မှာဘဲ ဗိုလ်မှူးစိုးဝင်းအစဖော်ပေးလိုက်တဲ့ ရွှေတိဂုံပုံတူတည်လိုက်တယ်။ 226 ရင်းမှူး ဗိုလ်မှူး စိုးဝင်းရဲကောင်းမှုကြောင့်ပေ့ါ။ အဲဒီအချိန်ကစပြီး ခေါင်းဆောင်တွေက ဘုရားတည်၊ ဆည်မြောင်းကန်ချောင်းဖေါက်၊ လမ်းဖေါက်၊ တံတားဆောက် ဦးစားပေးရင် တိုးတက်စည်ပင်မြန်ပြည်တခွင် စီမံကိန်းအောင်မြင်တယ်လို့ ယုံကြည်ကြတာပေ့ါ။ လွယ်မွေ–ပန်ကွဲတောင်ခြေပတ်လမ်း 4-5 မိုင်ခရီးလဲ ဗိုလ်မှူးစိုးဝင်းဘဲ ဦးဆောင်ဖေါက်တာဘဲ။

အဲဒီတုံးက ရင်းမှူးဗိုလ်မှူးစိုးဝင်းသွားတဲ့ နေရာတိုင်း ထပ်ကြပ်မကွာလိုက်ရတဲ့ လက်ဖြောင့်တပ်ဖွဲ့ထဲက 9-10 ယောက်ထဲမှာ အနည်းဆုံး 3-4 ယောက် အမြဲတမ်းလိုက်ရတယ်။

ဒီပဲယင်း အရေးအခင်းတုံးက ဗိုလ်ချုပ်စိုးဝင်း ကိုယ်တိုင်ဦးဆောင်စီမံကွပ်ကဲခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ သူကိုယ်တိုင် သူ့ဆုံးဖြတ်ချက်နဲ့လုပ်တာတော့ ဟုတ်မယ်မထင်ဘူး။ သူ့အထက်က အမိန့်ပေးရင်တော့ သူလုပ်မှာပဲ။ သူ့ပင်ကိုယ်အတွေးအခေါ်၊ သူ့ကိုယ်ပိုင်မှုနဲ့ လုပ်တာတော့မဖြစ်နိုင်ဘူး။ ဗိုလ်ချုပ်စိုးဝင်းက ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးထက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ ပိုနီးစပ်တယ်။ 1990 ကတည်းက ဗိုလ်ချုပ်ကြီးသန်းရွှေ သူ့ကို စသိခဲ့တယ်။ အဲဒီမတိုင်ခင် သူ့လုပ်ရည်ကိုင်ရည်နဲ့ အမိန့်နာခံမှုကို သဘောကျလို့ 1988 မှာ သူ့ကို ရန်ကုန်ခေါ်ပြီး အရေးအခင်းနှိမ်နှင်းခိုင်းတယ်။ လူတယောက်ကို ရာထူးပေးတော့မယ်ဆိုရင် သူ့ရဲ့ ဆင့်ကဲဆင့်ကဲနောက်ကြောင်းရာဇဝင်ကို ကြည့်ပြီးရာထူးတာဝန်တွေပေးတာပေ့ါ။ သူတို့ကြိုက်တဲ့အချက်တွေ သူ့မှာရှိတယ်၊ သုံးစားလို့ရမယ့် လူစားမျိုးဆိုရင်ပေ့ါ။ တချို့ကျတော့ ခိုင်းရင် မလုပ်ချင်ဘူးလေ။ မျက်နှာနာတယ်၊ အများအကျိုးအတွက်မဟုတ်ဖူး စသဖြင့်ပေ့ါ။ သူဖြတ်သန်းခဲ့ရတဲ့ရာထူးအဆင့်ဆင့်မှာ ဗိုလ်ချုပ်စိုးဝင်း လူတော်လူကောင်းလို့ ပြောနိုင်ပေမဲ့ နိုင်ငံရေးကိစ္စမှာ သူ့ပင်ကိုယ်ဉာဏ်ဆုံးဖြတ်ချက်၊ ကိုယ်ပိုကြီးမားတဲ့ တာဝန်ရာထူးတွေရလာမယ် ဆိုရင် ကောင်းတဲ့အလားအလာကို ဦးတည်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ဖြစ်နိုင်ခြေရှိမရှိတော့ ကျနော်လဲ မပြောတတ်ဖူး။

ဗိုလ်ချုပ်စိုးဝင်းက ဗိုလ်မောင်အေးရဲ့ PA ဖြစ်ခဲ့ဘူးတဲ့ လားရှိုး ရမခတိုင်းမှူး မြင့်လှိုင်လိုမျိုး ငယ်မွေးခြံပေါက်ဘဝကနေတက်လာတဲ့ပုံစံမျိုး မဟုတ်ဘူး။ သူ့ပင်ကိုယ်လုပ်ရည်ကိုင်ရည်နဲ့ ဆင့်ကဲဆင့်ကဲတက်လာတယ်။ သူလုပ်ခဲ့တဲ့တပ်တွေမှာ နာမည်ပျက်မရှိခဲ့ဖူးဘူး။ တချို့တပ်ရင်းဆိုရင် ပြဿနာတွေရှိတယ်။ စစ်မြေပြင်မှာ တိုက်ပွဲဖြစ်ပြီး အကျအဆုံးများ တာတို့၊ တပ်ရင်းထဲမှာ ပြဿနာကြီးကြီး ကျယ်ကျယ်ဖြစ်

**သူကဝန်ကြီးချုပ်ဖြစ်ပေမဲ့ တကယ့်အရေး ကြီးတဲ့ သေရေးရှင်ရေးကိစ္စမှာ ဆုံးဖြတ်ချက်ချ ဖို့၊ ပေါ်လစီတွေချဖို့ အဓိကအခန်းကဏ္ဍမှာ မပါဘူး**

ပိုင်မှုတွေဘာတွေရှိ မရှိဆိုတော့ သူအခုမှ နိုင်ငံရေးစလုပ်လာတဲ့အပေါ်မှာ အဲလောက်ထိ ကျနော်မခန့်မှန်းတတ်ဘူး။ 226 တပ်ရင်းသစ်စဖွင့်တုံးက လွယ်မွေကို တောင်ပေါ်မြို့တော် တခုဖြစ်ရမယ်လို့ သူပြောခဲ့တယ်။ အခု သူဝန်ကြီးချုပ်ဖြစ်လာတော့ အဲဒါကို ဘယ်လိုဆက်လုပ်မလဲမသိဘူး။

သူကဝန်ကြီးချုပ်ဖြစ်ပေမဲ့ တကယ့်အရေးကြီးတဲ့ သေရေးရှင်ရေးကိစ္စမှာ ဆုံးဖြတ်ချက်ချဖို့၊ ပေါ်လစီတွေချဖို့ အဓိကအခန်းကဏ္ဍမှာ မပါဘူး ဆိုတာလည်း ဖြစ်နိုင်ပါတယ်။ တာဝန်နဲ့ အမိန့်အရဘဲ အလုပ်လုပ်ဖူးတော့ သူများက ဒါရအောင်လုပ်ဆို လုပ်ပေးလိုက်တာတခုပဲလေ။ သူ့ကိုယ်ပိုင်မှုနဲ့ အမှိခိုကင်းကင်း ပေါ်လစီတွေ ဆုံးဖြတ်ချက်တွေချနိုင်တဲ့အဆင့်အထိ အခုမဖြစ်နိုင်သေးဘူးထင်တယ်။ ဒါပေမဲ့ တဦးတယောက်က ဒါရအောင်လုပ် ဖြစ်အောင်လုပ်ဆိုရင်တော့ သူလုပ်မှာပဲ။

သူဝန်ကြီးချုပ်ဖြစ်တဲ့အချိန်မှာ အကောင်းဖက်နဲ့ အဆိုးဖက်ဘယ်လိုဦးတည်နိုင်မလဲ၊ ဒုံရင်းဒုံရင်းပဲ သွားမလားဆိုရင်၊ နိုင်ငံရေးနဲ့ပတ်သက်လို့ကတော့ ဒီအတိုင်းပဲ သွားဖို့များတယ်။ သူ့အနေအထားအရ နိုင်ငံရေးဘက်မှာ ပြောင်းလဲမှု သိပ်ရှိမှာမဟုတ်ဖူး။ ဘာကြောင့်လဲဆိုတော့ သူ့အပေါ်မှ သိပ်မမူတည်တာ။ သူ့မှာလဲ အဲလောက်ထိလုပ်ပိုင်ခွင့်ရှိမှာမဟုတ်ဘူး။

တကယ်လို့ ဝန်ကြီးချုပ်အဆင့်ထက်တာတို့၊ တချို့တပ်ရင်းဆိုရင် ဘဏ်ဖောက်မှုဖြစ်တာတို့၊ ရဲဘော်တွေသေနတ် နဲ့ထွက်ပြေးတာတို့ အဲဒါတွေ သူ့လက်ထဲမှာ တခါမှ မရှိခဲ့ဖူးဘူး။ တခါတုံးက လွယ်မွေကနေ ကျိုင်းတုံကိုသွားတုံး ကားမှောက်လို့ ကား မောင်းတဲ့ IO ဗိုလ်ကြီးကို ဖြုတ်ပစ်လိုက်တယ် (လုံးဝအရပ်ဝတ် လဲပစ်လိုက်တာ)။ ရဲမေ တချို့ သေတယ်လေ။ အဲဒီဗိုလ်ကြီးက တောင်ကြီးက သျှမ်းပဲ။ အဲဒီအချိန်ကစပြီး အရာရှိကား မမောင်းရဖူးလို့ အမိန့်ထုတ်လိုက်တယ်။ သူ တပ်ရင်းမှူး ဖြစ်တဲ့ အချိန်မှာ အရာရှိ တော်တော် များများ ဖြုတ်ပစ်လိုက်တယ်။

ပညာအရည်အချင်း၊ လူရည်လည်မှု၊ လိမ္မာပါးနပ်မှု၊ အတွေ့အကြုံစတာတွေ နှိုင်းလိုက်ရင် ဗိုလ်ခင်ညွန့်က ဗိုလ်ချုပ်စိုးဝင်းထက် သာရင်သာမယ် လုပ်ရည်ကိုင်ရည်မှာ ဗိုလ်ချုပ်စိုးဝင်းက သာမယ်ထင်တယ်။ သူက တကယ်လုပ်ပြီးတက်လာတာ။ ဗိုလ်ခင်ညွန့်ကျတော့ ရုံးမှာထိုင်၊ လူကြီးတွေနဲ့နီးစပ်၊ အဆက် အသွယ်ကောင်းလို့တက်လာတာပဲ။ လိမ္မာ ပါးနပ်မှု၊ စကားပြောဆိုမှု၊ ပြည်ပအတွေ့ အကြုံတွေမှာ ဗိုလ်ချုပ်ခင်ညွန့်ကသာမှာပေ့ါ။ ဗိုလ်ချုပ် စိုးဝင်းက အဲလောက်ရမှာမဟုတ်ဘူး။ ဒါပေမဲ့ လုပ်ရည်ကိုင်ရည်မှာတော့ သူသာမယ်ထင်တယ်။

စာမျက်နှာ (23) သို့



127 Burmese.pmd 20 27/1/2548, 0:24

# လူမျိုးစုများအရေးနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စု နိုင်ငံတော်ဖြစ်သည်။ ၎င်းအတွက်ကြောင့် လူမျိုးစုအရေးသည် အရေးကြီးဆုံးအခန်းတွင် ပါဝင်နေပါသည်။ လူမျိုးစုအရေးကို ဖြေရှင်းရန်အတွက် အရေးကြီးဆုံးအချက်မှာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်ဟု ယူဆပါသည်။

**ပြည်တွင်းစစ်ဘာ ကြောင့်ဖြစ်ရသလဲ။ ဒီမိုကရေစီကင်းမဲ့မှုကြောင့် မဟုတ်။ မြန်မာပြည်တွင်း စစ်သည်အမျိုးသားရေးအခြေခံမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမျိုးသားမွေးရာပါ အခွင့်အရေးအတွက် တိုက်ပွဲဝင် ခဲ့ကြခြင်းဖြစ်သည်**

သမိုင်းကို အစပျိုး၍ လူမျိုးစုများအကြောင်း လှန်ကြည့်ကြမည်ဆိုလျှင် မွန်၊ ဗမာ၊ ရခိုင်၊ သျှမ်းစသည်တို့မှာ သမိုင်းအစဉ်အလာကြီးမားခဲ့သော လူမျိုးများဖြစ်ကြပါသည်။ စာပေယဉ်ကျေးမှု၊ အနုပညာများ ပြုစုပျိုးထောင်ခဲ့ကြသူများဖြစ်ပါသည်။

မြို့ပြနိုင်ငံရှုထောင့်မှကြည့်လျှင် မွန်တို့သည် သုဝဏ္ဏဘုံမိ သထုံ၊ ဗမာတို့က ပုဂံ၊ ရခိုင်တို့က ဓညဝတီနှင့် သျှမ်း က မော(ဝ်) ကိုးပြည်ထောင်နှင့် စော်ဘွားမြို့ပြနိုင်ငံ 30 ကျော် ထူထောင်ခဲ့သည်သာမက သျှမ်းမင်း သိုဟန်ဘွားသည် အင်းဝ၊ စစ်ကိုင်း၊ ပင်းယနိုင်ငံတော်ကို အနှစ် 200 မျှ စိုးမိုးအုပ်ချုပ်ခဲ့ပေသည်။

စစ်မက်ဖြစ်ပွားရခြင်း (သို့မဟုတ်) ပဒေသရာဇ်ခေတ်ကိုကြည့်လျှင်

1. ပုဂံမင်းအနော်ရထာသည် မွန်တို့၏ သထုံမင်းမနုဟာအား ပဋိကတ်သုံးပုံကိစ္စနှင့် စစ်ခင်း၍ အောင်နိုင်ခဲ့ခြင်း။
2. နန်းစော (နန်ချောင်) တို့ မျက်၍ ပုဂံပျက်ပြီးနောက် မြန်မာတို့က အင်းဝကို ထူထောင်ပြန်သည်။
3. သျှမ်းမင်း သိုဟန်ဘွားက အင်းဝကိုတိုက်ခိုက်အောင်မြင်ပြီးနောက် သျှမ်းဗမာပူးပေါင်းရေးအနှစ် 200 တည်တံ့နိုင်ခဲ့သည်။
4. အနော်ရထာမျက်၍ သုဝဏ္ဏဘုံမိ သထုံပျက်ပြီးနောက် ဟံသာဝတီ (ရာမည) ကို မွန်တို့ ထူထောင်ကြပြန်သည်။
5. သျှမ်းဗမာတို့၏ အင်းဝနိုင်ငံကို မွန်တို့ သွားရောက်တိုက်ခိုက်ပြန်ရာ အင်းဝပျက်ရလေသည်။
6. ရခိုင်တို့မှာကား ရခိုင်ရိုးမ၏ပထဝီအတားအဆီးကြောင့်လားမသိ၊ ရိုးမ အရှေ့ကိုကျော်၍ စစ်တိုက်ခြင်းထက် အိန္ဒိယ မဂိုကုလားမင်းတို့နှင့် စစ်ခင်းရ သည်က များသည်။ ဟံသာဝတီသား မွန် တို့က ရခိုင်တောင်ပိုင်း သံတွဲကို တိုက်ခိုက်အောင်မြင်၍ ယာယီသိမ်းပိုက်နိုင်ခဲ့ကြောင်း အင်းဝသားနှင့် သျှမ်းစစ်သည်တစ်သိန်းတို့က လည်း ရခိုင်မြောက်ပိုင်းကို ရှောင်တခင်ဝင်တိုက်၍ အောင်မြင်ခဲ့ရာ ရခိုင်ဘုရင်မင်းစောမွန်မှာ ကုလားပြည်သို့ ဝင်ရောက်ခိုလှုံခဲ့ရကြောင်း သမိုင်းမှတ်တမ်းများက ဆိုသည်။

1595 တွင် တောင်ငူမင်း နတ်သျှင်နောင်၏ စေ့ဆော်မှုကြောင့် ရခိုင်ဘုရင်မင်းရာဇာကြီးသည် ဟံသာဝတီကိုသိမ်းပိုက်နိုင်ခဲ့သည်။ ကုန်းဘောင်ခေတ်မင်းတပါးဖြစ်သောဘိုးတော်မင်းလက်ထက်တွင် ရခိုင်ကို ဗမာတို့ သိမ်းပိုက်နိုင်ခဲ့သည်။

ကရင်၊ ကချင်၊ ချင်းလူမျိုးတို့မှာ ထီးရေးနန်းရာ စာပေအနုပညာဘက်တွင် မေးမှိန်ခဲ့ကြသည်။ သို့သော် စော်ဘွားစော်ခံ နယ်စားပယ်စား၊ တောင်သူကြီးမင်း၊ စော်ကဲ၊ စောဖျာစသည့်အနေအထားများဖြင့် သျှမ်း၊ မြန်မာ၊ မွန်၊ ရခိုင်တို့နှင့်အတူ ခေတ်သစ်သမိုင်းအထိ ချီတက်လာခဲ့ကြသူများဖြစ်သည်။ ကရင်နီ (ကယား) လူမျိုးတို့ကာ ဗြိတိသျှကိုလိုနီနှင့် မင်းတုန်းမင်းတို့၏ သဘောတူညီချက်အရ သီးခြားကင်းလွတ်သော နယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း ယနေ့တိုင် ကရင်နီ (ကယား) တို့က အခိုင်အမာပြောဆိုလျက်ရှိသည်။ 1885 ခုနှစ်တွင် မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်သို့ လုံးဝကျရောက်ခဲ့ရသည်။ ယခုအခါ မြန်မာပြည်တွင်း၌ ပဒေသရာဇ်များအကြား၊ လူမျိုးများအကြား အငြင်းပွားတိုက်ခိုက်မှုများ တစ်ခန်းရပ်ခဲ့လေသည်။

1948 ခုနှစ်ကာလအထိ အုပ်ချုပ်ခဲ့သော ကိုလိုနီအစိုးရသည် ယခုမြန်မာပြည်ဖြစ်လာရန်အတွက် အတော်ပင် ကုတ်ကုတ်ကပ်ကပ် ပြုစုပေးခဲ့ရလေသည်။ အကယ်၍ အင်္ဂလိပ်တို့ အနှစ် 120 ကျော် ကိုလိုနီအုပ်ချုပ်မှုမရှိခဲ့ပါက လက်ရှိအကျယ်အဝန်းနှင့် လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံအမည်သည် နိုင်ငံတစ်ခု ဖြစ်ပေါ်ချင်မှ ဖြစ်ပေါ်လာလိမ့်မည်။

အကျဉ်းချုပ်အားဖြင့်ဆိုရလျှင် ယခင်သမိုင်းကြောင်းများအရ လွတ်လပ်ရေးသက်တမ်းနှင့်အတူ ပြည်တွင်းစစ်မီးလောင်ခဲ့သည်မှာ ယနေ့အထိဖြစ်သည်။ ပြည်တွင်းစစ်ဘာကြောင့်ဖြစ်ရသလဲ။ ဒီမိုကရေစီကင်းမဲ့မှုကြောင့် မဟုတ်။ မြန်မာပြည်တွင်း စစ်သည်အမျိုးသားရေးအခြေခံမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမျိုးသားမွေးရာပါ အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် မြန်မာပြည်သည် စစ်မီးလျှံထဲမှ ထွက်ပေါက်မရှိပြီလော?၊ ရှိပါသည်။ လူမျိုးစုအားလုံး သဘောတူညီကြသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ခြင်းကသာ ထာဝရ ငြိမ်းချမ်းရေးရရှိပါလိမ့်မည်။ နောက်ထပ် တကြိမ် ပင်လုံစာချုပ်မျိုးကို အခိုင်အမာချုပ်ဆိုဖို့ မြင့်မြင့်မားမား ကျောက်တိုင်အသစ်ထူနိုင်ဖို့ ခေတ်မှီပြည်ထောင်စုသစ်ကြီးဖွဲ့စည်းရန်ကိစ္စသည် ယနေ့တိုင်းရင်းသား လူမျိုးများ၏ မြင့်မြတ်သော မဟာတာဝန်လည်းဖြစ်သည်။

တရားမျှတသော လူမျိုးစုတိုင်းရင်းသားအားလုံး၏ တောင်းဆိုမှုဆန္ဒကို ပေါ်လွင်ထင်ဟပ်စေသည့် ပြည်ထောင်စုသစ်ကြီးအမြင်ပေါ်ပေါက်လာစေရန်နှင့် ဤအမြင်ကို ဆန့်ကျင်သည့် အပြုအမူလုပ်ရပ်ရှိနေသမျှကာလပတ်လုံး ခေတ်မှီပြည်ထောင်စုကြီးတည်ထောင်ရေးလမ်းစတွေ့နိုင်ရန် ခက်ခဲနေပါလိမ့်မည်။

**အောင်မြတ်စိုး**





127 Burmese.pmd 21 27/1/2548, 0:24

# ဗမာပြည် မတရားဥပဒေစိုးမိုးမှု



စစ်အာဏာရှင်များ မင်းမူနေသော ယနေ့ နအဖလက်ထက်ဗမာပြည်တွင် မတရားဥပဒေစိုးမိုးလျက်ရှိ၏။ တရားသူကြီးအတော်များများလည်း မတရားသူကြီးများဖြစ်ကြရကုန်၏။ တရားဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရသော ပုလိပ် ခေါ် ရဲများဆိုလျှင်လည်း မတရားဥပဒေလိုက်နာသူများ၊ မတရားဥပဒေဖန်တီးသူများ၊ တရားဥပဒေကြောခိုင်းပစ်ပယ်သူများဖြစ်ကြကုန်သည်။

ပုလိပ်ထက်အတိုင်းအဆမရှိ ပိုမိုသြဇာအာဏာကြီးသော စစ်တပ်၊ စစ်ထောက်လှမ်းရေးတပ်များဆိုပါက ပြောဘွယ်ရာမရှိ။ တရားဥပဒေ၏ အထက်တွင်ရှိနေကြသူများ၊ တရားဥပဒေကို ခါးဇောင်းတင်နေကြသူများချည်းဖြစ်သည်။ ပုလိပ်ထက်အာဏာအရှိန်အဝါကြီးသော စစ်ဖက်ဆိုင်ရာအရာရှိများ၊ စစ်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကိုမဆိုထားနှင့်။ စစ်တပ်နှင့် ထောက်လှမ်းရေးတို့ပြီးလျှင် ၎င်းတို့လက်ခုပ်ထဲဝယ် တရားဥပဒေဆိုသည်ကို သွန်လိုသွန် မှောက်လိုမှောက် လုပ်နိုင်ကြသည့် နအဖအကျိုးဆောင်ပုလိပ်များ၏ ယနေ့တိုင်းရင်းသားပြည်သူလူထုအပေါ် ကျင့်ကြံနှိပ်ကွပ်ပုံအချို့ကို ဖေါက်သည်ချတင်ပြလိုပါသည်။

လက်ရှိနအဖပုလိပ်များအကြောင်းပြ အသုံးပြုနေကြသည့် ပုဒ်မများ အနက် မသင်္ကာမှုဖြင့် ဖမ်းဆီးနိုင်သော ပုဒ်မ 54 ။ လူကြီးတယောက်အပေါ် မယုံသင်္ကာဖြစ်ပြီဆိုသည်နှင့် သက်သေအထောက်အထားမခိုင်လုံချင်နေ၊ ဥပဒေနှင့် ညှိစွန်းသော သက်သေခံပစ္စည်း ဘာတခုမှမတွေ့ရှိချင်နေ၊ 28 ရက်အထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်၏။ ၎င်းတို့ဖမ်းဆီးချုပ်နှောင်ထားစဉ် လာဘ်ငွေ မထိုးနိုင်ပါက စစ်ကြောရေးစခန်းသို့ ဆွဲခေါ်သွားပြီး အနည်းဆုံး 1 ရက် 2 ရက်အထိ ထိုးကြိတ်ရိုက်နှက်နှိပ်စက်၍ ဇောက်ထိုးတွဲလောင်းချိနှောင် ထားလေ့ရှိ၏။ ဤပုဒ်မ 54 ရဲဥပဒေသည် အောက်ခြေဆင်းရဲသားပြည်သူများအတွက် သက်သက်ဖြစ်သည်။

ပုဒ်မ 47 ။ အရက်သေစာ သောက်စားမူးယစ်၍ လမ်းကြိုလမ်းကြားတွင် ဝေါက်ငမ်းရမ်းကားသူများ၊ အသံကျယ်လောင်စွာအော်ဟစ်သူများ၊ ဆူညံပူညံရန်ဖြစ်သူများကို ဤပုဒ်မ 47 ဖြင့် 7 ရက်တစ်တပတ်အထိ ချုပ်နှောင်အကျဉ်းချထားနိုင်၏။ 2003 ဩဂုတ်လအတွင်းက တောင်ကြီးအခြေစိုက် အမှတ် 2 ထောက်လှမ်းရေးတပ် အချုပ်ခန်း၌ မျက်မြင်ကိုယ်တွေ့ကြုံရသော အဖြစ်အပျက်တစ်ခုအရ အဖမ်းခံရသူအရပ်သားတဦးက မသောက်မမူးပဲ (မတရားအာဏာဖြင့်) ဖမ်းဆီးသူကိုယ်တိုင် ရိဝေယစ်မူးနေသည်ကို တွေ့ခဲ့ရသည်။

ပုဒ်မ 35 ။ မကောင်းမှု တခုခုကြံစည်ရန် (သို့မဟုတ်) ဥပဒေကျူးလွန်ဖေါက်ဖျက်ရန်ကြံစည်သည်ဟု ယူဆရသော မှောင်ရိပ်ခိုမှု ဖြစ်၏။ တောင်ကြီးမြို့ 2003 ခု နိုဝင်ဘာလလယ်က နေ့တနေ့။ နံနက်မိုးမလင်းမီ 5:30 နာရီအချိန်ခန့်ဖြစ်၏။ အသက် 7 လရှိ သမီး ငယ်ကိုကျောတွင်ပိုး၍ လမ်းလျှောက်ဈေးဝယ်သွားသော သျှမ်းတရုတ်ကပြား အိမ်ထောင် သည်တစ်ဦး၊ အဆိုပါ ပုဒ်မ 35 မှောင်ခိုမှုဖြင့် ပုလိပ်တို့



127 Burmese.pmd 22 27/1/2548, 0:24

၏ ဖမ်းဆီးခေါ်ဆောင်မှုကို ခံရ၏။ ကလေးကို ဘန်းပြပြီး မှောင်ခိုရိပ်ခို၍ မူးယစ်ဆေးဝါး ပို့ဆောင်ရောင်းချဘူးသည်ဟု မသင်္ကာမှုဖြင့် စွပ်စွဲသော်လည်းမည်သည့်သက်သေအထောက်အထားမျှမရှိ။ မည်မျှပင်ခြိမ်းခြောက်စစ်ကြောမေးမြန်းစေကာမူ ဘာမျှ အရည်မရအဖတ်မရသဖြင့် သားအမိနှစ်ယောက်စလုံး 2 ည ချုပ်နှောင်ခံရပြီး ပြန်လွတ်လာသည်။

ပုလိပ်အရာရှိများအပါအဝင် နအဖအာဏာပိုင်များ နေ့တရုဝ မူးယစ်သောက်စား၍ မြို့တွင်း ကာရာအိုကေသီချင်း (အလကား) ဆိုပြီး ညသန်းခေါင်မှ အိမ်ပြန်ကြသည်ကိုတော့ မှောင်ရိပ်ခိုမှုမဟုတ်ကြောင်း အံ့သြဘွယ်တွေ့မြင်ရသည်။ မျက်မှောက်ကာလ၌ ပြည်ပကို လိမ်လည် မျက်လှည့်ပြရန် မူးယစ်ဆေးဝါးတားဆီးပိတ်ပင်နှိမ်နင်းရေးကို နအဖစစ်အုပ်စုမပြုလုပ်နေ၏။ သို့သော် စသုံးလုံးတို့၊ စစ်ထောက်လှမ်းရေးတို့၊ မူးယစ်ပုလိပ်တို့ နောက်ယောင်ခံစုံစမ်းဖမ်းဆီးလေ့ရှိသောသူများမှာ ၎င်းတို့အား ဝဝလင်လင်မခွံ့ကျွေးလာဘ်မပေးနိုင်သည့် အသေးစားအလတ်စားမူးယစ်သမားများသာဖြစ်၏။ ပုဒ်မ 15,16,19,20,21 တို့ဖြင့် တခုမဟုတ်တခု စွဲချက်တင်၍ ဖမ်းဆီးအရေးယူနေကြသည်။

ပုဒ်မ 15 မူးယစ်ဆေးဝါးမှီဝဲသုံးစွဲမှု၊ ပုဒ်မ 16 လက်ဝယ်ထားရှိမှု၊ ပုဒ် 19 ရောင်းဝယ်ဖေါက်ကားမှု၊ ပုဒ်မ 20 ရောင်းဝယ်ဖေါက်ကားသူများအား ကူညီပံ့ပိုးမှု (သို့မဟုတ်) ပါဝင်ပတ်သက်မှု၊ ပုဒ်မ 21 မူးယစ်ဆေးဝါးရောင်းဝယ်ဖေါက်ကားရာမှ ရရှိလာသည့် ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်မှု စသည်တို့ဖြစ်သည်။ တခါတရံ မူးယစ်သုံးစွဲသူ (သို့မဟုတ်) လက်ဝယ်ထားရှိသူဟူ၍ မသင်္ကာဘဲ တစုံတယောက်အား ဖမ်းဆီးပါက ဆေးရုံသို့ဆွဲခေါ်သွားပြီး ဆီးစစ်စေ၏။ မသင်္ကာခံရသူ တရားခံ၏ ဆီးကို စစ်ဆေးရန် မန္တလေးဓါတ်ခွဲခန်းသို့ ပို့ရပြန်၏။

အနပဖလက်ထက် ဗမာပြည်ခေတ်မှီဆေးပညာ ဓါတ်ခွဲခန်းမည်မျှတော်သနည်းဟူမူ– ဆေးသုံးသူဖြစ်စေ၊ မသုံးသူဖြစ်စေ တယောက်လျှင် အနည်းဆုံး ကျပ်ငွေ 200,000 မထိုးနိုင်ပါက လုံးဝလွတ်လမ်း မရှိပေ။ အသပြာသာ ခွံ့ကြွေးနိုင်ပါက မည်သို့ပင် အတိအကျစစ်ဆေးတွေ့ရှိပါစေ၊ ရှောရှောရှူရှူပြန်လွတ်လာသည်ချည်းဖြစ်၏။ ၎င်းတို့၏ ဓါတုဗေဒ ဓါတ်ခွဲခန်းအစွမ်းထက်မြက်ပုံကား အံ့ချီးကုန်နိုင်ဘွယ်ပါပေ။

တောင်ကြီးအမှတ် 2 တပ်စခန်းရှိ ထောက်လှမ်းရေးပုလိပ်များ၏ အချုပ်ခန်းမှ မတရားဥပဒေစိုးမိုးမှုလုပ်ရပ်ကား

1. လူတဦးတယောက်အား ဖမ်းဆီးခေါ်ဆောင်လာပါက အပြစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ အချုပ်ခန်းရောက်သည်နှင့် ချက်ချင်းထိုးကျိတ်ရိုက်နှက်ခံရစမြဲဖြစ်၏။
2. အချုပ်သားများမှ ၎င်းတို့ထံ တနပ်စာလျှင် အနည်းဆုံးကျပ် 300 တန် ထမင်းဟင်းဝယ်စားစေရန် ၎င်းတို့ကျွေးမွေးသောထမင်းဟင်းကို ဝက်စာခွေးစာတမျှ ညံ့ဖျင်းစွာစီမံထား၏။ (အချုပ်သားဆွေမျိုးသားချင်းများက အပတ်စဉ် လစဉ် ထမင်းဘိုးအတွက် ကြိုတင်တွက်ချက်ပေးရသည်။)
3. အချုပ်ကျနေစဉ် သောက်သုံးဆေးကြောရန်ရေနှင့် ချိုးရေကိုလည်း ၎င်းတို့ထံမှ နေ့စဉ်ဝယ်ယူရ၏။ မဝယ်နိုင်ပါက ချိုးရန်မဆိုထားနှင့် သောက်ရန် ရေပင် မရှိပေ။
4. အချုပ်သားများအား ဆွေမျိုးသားချင်းများ ထောင်ဝင်စာ လာတွေ့တိုင်း ၎င်းတို့အား တကြိမ်လျှင်အနည်းဆုံး ကျပ် 500 အထက်ပေးရ၏။
5. အချုပ်သားများ ငွေပိုင်ဆိုင်ထားရှိခွင့်လုံးဝမရှိဟု ဆိုသော်လည်း ၎င်းတို့အလိုရှိလျှင် မရမကခြိမ်းခြောက်ငွေညှစ်လေ့ရှိသဖြင့် ဆွေမျိုးသားချင်းများထံ မှာယူဆက်သရ၏။ အချုပ်ခန်းတွင်းသို့ စရောက်သည်နှင့် ချက်ချင်းဝင်ကြေး ကျပ် 5,000 ပေးရ၏။ မပေးနိုင်ပါက လူသားချင်းမစာမနာ ရိုက်နှက်နှိပ်ကွပ်တော့သည်။
6. အချုပ်ခန်းမှ တောင်လေးလုံးထောင်သို့ အပို့ခံရပါက တယောက်လျှင် ပို့ခ ကားခါတ်ဆီဘိုး ကျပ် 500 ပေးရ၏။ မပေးနိုင်ပါက အကျဉ်းထောင်ထက် ပိုဒုက္ခရောက်သော အချုပ်ခန်းတွင် ထားမြဲထားပြီး နှိပ်စက်လေသည်။

ဤအဖြစ်အပျက်များကို ICRC ခေါ် နိုင်ငံတကာကြက်ခြေနီကော်မတီကလည်း စိုးစဉ်းမျှ သိရှိမည်မဟုတ်ပေ။ ICRC လာရောက်လေ့လာစစ်ဆေးသည်ဟူသော သတင်းမျိုးလည်း တခါမျှမကြားမိချေ။

အထက်ပါ ကိုယ်တွေ့အဖြစ်အပျက်များကား နအဖလက်ထက် မတရားဥပဒေ စိုးမိုးမှု တစိတ်တဒေသသာလျှင်ဖြစ်ပါကြောင်း။

**အိုက်ထိုနောက်**

20 June 2004

အမှတ် 2 အချုပ်သား ခေတ္တတောင်ကြီးမြို့

**စာမျက်နှာ (20) မှ**

စစ်ထောက်လှမ်းရေးထိပ်သီးကြီး ဗိုလ်ခင်ညွန့် ဒီလောက်လိမ္မာပါးနပ်တာ၊ ပရိယာယ်ကြွယ်တာ၊ အတွေ့အကြုံဒီလောက်များတဲ့ ကြားက၊ သူ့ကိုဖြုတ်မယ် ဖမ်းမယ်ဆိုတာ သူသိမှာပါ။ ဒါပေမဲ့ သိတဲ့အချိန်မှာ နောက်ကျသွားတယ်ထင်တယ်။

အခုနောက်ထပ်အသစ်ဖွဲ့မယ့် ထောက်လှမ်းရေးလဲ အရင်လို ပေါ်တင်မစားပေမဲ့ ကြာလာရင် သူတို့လဲ စားဦးမှာပဲ။ အရင်တုံးကတော့ စားတာတွေ့လဲ ဘယ်သူမှ မပြောရဲဘူးကိုး။ ထောက်လှမ်းရေးနဲ့စစ်တပ်လာဘ်စားမှုကို အရင်းစစ်လိုက်ရင် ဘာမှသိပ်မထူးပါဘူး။ ကုလားကြီးနဲ့ အရာကြီးပါဘဲ။ ဗိုလ်ချုပ်စိုးဝင်းလဲ စားမှာပဲ။ မစားရင် သူရတဲ့လစာ ဘယ်လိုမှနေနိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ အရင်လိုတော့ ပြောင်စားမှာ မဟုတ်ဘူးပေါ့။ မစားဘဲ နေနိုင်မှာမဟုတ်ဘူး။ နောက်လူက ပိုတောင်ဆိုးနိုင်တယ်။ မစားဘူးတဲ့လူ စားရရင် ပိုတောင်ကဲဦးမယ်။

ကျနော် သူနဲ့မတော်တဆတွေ့ရင် သူချက်ချင်းသိချင်မှ သိမှာပါ။ ခုနှစ်နဲ့ နေရာကို အသေအချာပြောရင် သူသိမှာပါ၊ သူတို့က လူအများနဲ့ ဆက်ဆံလို့ မသိနိုင်ပေမဲ့ ပြန်ပြောပြရင် သူ့တပည့်တွေထဲမှာ မြင့်လှိုင်ဦး ဆိုတာ သူမသိလို့ မရဘူး။ သူ့ရဲ့ ဥပတိရုပ်က အသားဖြူနီစပ်စပ်နဲ့ စိတ်တိုရင် မျက်နှာနီလာတယ်။ သူက စိတ်တိုလွယ်တဲ့လူစား၊ မထင်ရင်မထင်သလို ချက်ချင်းပြောလိုက်တဲ့ စရိုက်ရှိတယ်။

**သျှမ်းသံတော်ဆင့် သတင်းထောက်တဦး**



127 Burmese.pmd 23 27/1/2548, 0:24

# ရေနစ်သူကို ဝါးနှင့်ကူထိုးသော လူ့ဗာလများ

(ဘိန်းစွဲသူကျေးလက်လူထုအပေါ် ဒေသခံ နအဖစစ်တပ်နှင့် ပုလိပ်များ၏ မူးယစ်ဆေးအဓမ္မရောင်းဝယ်ခိုင်းမှု)




(အမည်ရင်းများမဟုတ်)

**အရပ်ဒေသမြင်ကွင်း**

သျှမ်းပြည်အရှေ့ပိုင်းမိုင်းဆတ်မြို့နယ် အတွင်းရှိ မြို့၏အရှေ့ဖက် 15 မိုင်ခန့်နှင့် တာချီလိတ်အနောက်ဖက်စူးစူး မိုင် 20 ကျော်အကွာတွင် မိန်းတူး(မ်) (Mong Toom) ခေါ် တိုက်နယ်တနယ်ရှိ၏။ အဆိုပါတိုက်နယ်၌ ဝမ့်တူ(မ်)၊ မဟုန်လွယ်၊ မဟုန်ကန်၊ မတ်အိုး၊ ဝမ့်ကတ်စသော ကျေးရွာပေါင်း 8-9 ရွာရှိပြီး အိမ်ခြေစုစုပေါင်း 400 ခန့်ရှိ၏။ တာချီလိတ်–မယ့်ဆိုင်နယ်ခြားချောင်း၏ ချောင်းဖျားချိုင့်ဝှမ်းအတွင်းရှိ အဆိုပါတိုက်နယ်တွင် အိမ်ခြေ 50 ကျော်ရှိ ဝမ့်တူ(မ်) သည် အကြီးဆုံးရွာဖြစ်ပြီး အိမ်ခြေ 20 ခန့်ရှိ ဝမ့်ကောင်းမူးရွာမှာ အငယ်ဆုံးရွာဖြစ်သည်။

မယ့်ဆိုင်ချောင်းဖျား မြစ်ဝှမ်းတလျှောက်တွင် သျှမ်းလူမျိုးအများစု နေထိုင်ပြီး ပတ်ပတ်လည်တဝိုက်တွင် အခါ၊ လားဟူ၊ ပလောင်စသော တောင်ပေါ်တိုင်းရင်းသားများ နေထိုင်ကြသည်။

မိန်းတူး(မ်) တိုက်နယ် (နအဖ အခေါ် မိုင်းတွင်း) ၏အရှေ့ဖက်၌ မိန်းကန်းတိုက်နယ်ရှိ၏။ ယခင်က ကျေးရွာပေါင်း 10 ရွာကျော်ရှိခဲ့သော်လည်း 1999 ခုနှစ်နောက်ပိုင်း နအဖနှင့် အပစ်အခတ်ရပ်စဲထားသော UWSA တပ်ဖွဲ့က တရုတ်နယ်စပ်အနီး မြောက်ပိုင်းဒေသမှ ထောင်သောင်းချီသည့် ‘ဝ’လူထုအား အဓမ္မရွှေ့ပြောင်းနေထိုင်အခြေချစေခဲ့သဖြင့် လက်ရှိ မိန်းကန်းတိုက်နယ်အဖို့ မူလ ဇာတိ (သျှမ်း၊ လားဟူ၊ အခါလူမျိုး) များ (လုံးဝနီးပါး) နေရာအသီးသီးသို့ ထွက်ပြေးပုန်းရှောင်ခဲ့ကြပြီးဖြစ်သည်။ မိန်းတူး(မ်) နှင့် မိန်းကန်းတိုက်နယ်သည် ထိုင်းနယ်စပ် မြောက်ဖက် 7-8 မိုင်ခန့် ကွာဝေး၏။ မိန်းကန်းတိုက်နယ်သည် မူးယစ်ရာဇဝေ ရှောက်ကန်း ဦးစီးသော အမှတ် 171 စစ်ဒေသထိန်းချုပ်နယ်မြေဖြစ်၏။ 2002 မှစ၍ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်းခရိုင်အတွင်းရှိ ဒွယ်တုန်း တော်ဝင်စီမံကိန်း Doitung Royal Project မှ ဘိန်းအစားထိုးသီးနှံနှင့် အခြားပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် ရွှေ့ပြောင်း ‘ဝ’ပြည်သူများအတွက် ဘတ်ငွေသန်း 20 ကျော် အကုန်ခံ ပံ့ပိုးကူညီနေသောဒေသသည် မိန်းတူး(မ်) တိုက်နယ်နှင့် အကြုံးဝင်ပတ်သက်ခြင်းအလျဉ်းမရှိပေ။

**ဌာနေစွန့် မူးယစ်သားကောင်များ**

2004 ဂျူလိုင်လ 24 ရက်။ မိန်းတူး(မ်) တိုက်နယ် ဝမ့်တူ(မ်) ရွာနေ စိုင်းဆန်း (42 နှစ်) နှစ်၊ ၎င်း၏ဇနီး နန်းကူ (38 နှစ်) နှင့် ၎င်းတို့သားသမီး 2 ယောက်။ ၎င်းတို့၏တူမ နန်းခမ်း (20 နှစ်) နှင့် ၎င်း၏သားငယ်။ ပြီးနောက် မဟုန်လွယ်ရွာနေ အသက် 12-14 နှစ်အရွယ် ကလေး 2 ယောက်မိခင် အခါသူ အီလူ(30 နှစ်)။ ၎င်းတို့အားလုံး 7 ယောက် မိန်းတူး(မ်) မှ ထိုင်းနယ်စပ်သို့ ခြေလျင်ခရီး ထွက်ခွာလာခဲ့ကြ၏။ ၎င်းတို့ 7 ယောက်အနက် စိုင်းဆန်း၊ နန်းကူတို့၏ သမီးငယ်တယောက်နှင့် နန်းခမ်း၏ သားငယ်မှလွဲ၍ 5 ယောက်စလုံး ဘိန်းမဲစွဲလမ်းနေကြသူများဖြစ်၏။ နန်းခမ်း၏ ခင်ပွန်းမှာ နအဖဒေသခံတပ်၏ ရက်ပေါင်း 20 ကျော်ကြာ ပေါ်တာဆွဲသွားခြင်းခံရသဖြင့် အိမ်ပြန်ရောက်ပြီး 2 ပတ်ခန့်အကြာတွင် အပြင်းဖျားကာ 2003 ဒီဇင်ဘာလနှောင်းပိုင်း၌ သေဆုံးသွားလေသည်။ အီလူ၏ ခင်ပွန်းဖြစ်သူ အားဆော် (40 နှစ်) ဆိုလျှင်လည်း မဟုန်လွယ်ရွာသား 5-6 ယောက်နှင့်အတူ ခမရ 554 က ဖတ်တူမိန်း တောင်ပေါ်ဘက်သို့ ပေါ်တာဆွဲသွားစဉ် ညီမဖြစ်သူထံ ကလေးအပ်နှံခဲ့ပြီး ဘိန်းဖြတ်ရန် နယ်စပ်ဒုက္ခသည်စခန်းသို့ ထွက်ခွာလာရခြင်းဖြစ်ကြောင်း ရှင်းပြကြလေသည်။

အီလူဘိန်းမဲစွဲလမ်းလာသည်မှာ 7-8 နှစ်ခန့်ရှိပြီဟုဆို၏။ ဟိုနဲ့ရွာသား မိမိခင်ပွန်းလည်း ဘိန်းစွဲနေဆဲဖြစ်၏။ မိမိသားသမီး 4 ယောက်အနက် အငယ် 2 ယောက် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြရာမှ စိတ်မဖြေဆည်နိုင်သဖြင့် ခင်ပွန်းဖြစ်သူ 2 ခန့် ဘိန်းစွဲပြီးနောက်ပိုင်း အီလူ လည်း ဘိန်းရှူလာခဲ့သည်။ အီလူ တို့ရွာ မဟုန်လွယ် တွင် သျှမ်းထဲမှ ဘိန်းစွဲသူ 5-6 ယောက်ရှိပြီး အခါ ထဲမှ 3-4 ယောက်ခန့်ရှိ၏။ လက်လီရောင်းဘိန်းမဲများ အလွယ်တကူဝယ်ယူနိုင်သကဲ့သို့ ရာဘ ခေါ် စိတ်ကြွဆေးပြားလည်း ရနိုင်ကြောင်း၊ ရာဘလည်း မိမိစမ်းဘူးကြောင်း၊ တခါလျှင် 4-5 ပြားအထိ ရှူခဲ့ကြောင်း။ ဒေသခံပုလိပ်များအား ဝယ်ပေးနိုင်ပါက တခါတရံ ၎င်းတို့နှင့် အတူတူရှူခွင့်ပေးကြောင်း၊ မရှာပေးနိုင်ပါက မာန်မဲဆဲဆိုပြီး ပါးရိုက်တတ်ကြောင်း အီလူမှ ပြောပြလေသည်။

အသက် 42 ပြည့်ခါနီးဖြစ်သော စိုင်းဆန်းကား အသက် 16 နှစ်အရွယ် လူပျိုဘဝကတည်းက ဘိန်းစွဲခဲ့သူဖြစ်၏။ မိမိ၏ပထမဇနီး ဝမ့်ကောင်းမူး ရွာသူ (ယခုအသက် 38 ) နန်း



127 Burmese.pmd 24 27/1/2548, 0:24

နွတ်နှင့် 2 နီးပါးသာပေါင်းခဲ့ရပြီး သားလေး 1 ယောက်နှင့် လမ်းခွဲခဲ့ကြ၏။ နောက်ပိုင်း ဝမ့်မိုင်သူ အခါ အမျိုးသမီး နန်းကူနှင့် ဖူးစာဆုံခဲ့ပြန်၏။ အသွင်တူ အကျင့်တူ အကြိုက်ချင်းတူသော အိမ်သူသက်ထားဖြစ်၏။ အကြောင်းမှာ နန်းကူကိုယ်တိုင်လည်း မိမိကဲ့သို့ ဘိန်းရှူသောကြောင့် ဖြစ်ကြောင်း စိုင်းဆန်းမှ ပြောပါသည်။ ၎င်းက ဆက်လက်၍ လွန်ခဲ့သည့် 4-5 နှစ်က ဝမ့်တူ(မ်)ရွာတွင် မိမိ ဆံပင်ညှပ်ဆိုင်ဖွင့်ခဲ့ကြောင်း၊ အားပေးသူဖေါက်သည် သိပ်မရှိသဖြင့် တခါတရံဇနီးသည်နှင့်အတူ နေ့စားကျဘမ်း အလုပ်လုပ်ရကြောင်း၊ တော်ငှက်ပျောဖူး၊ မှိုရင်ကောက်ရွက်၊ ရေသဖန်းရွက်၊ မင်းဘောအူ စသော သဘာဝဟင်းသီးဟင်းရွက်များ ရှာရောင်းရကြောင်း၊ တရက်လျှင် ပျမ်းမျှ ဘတ် 4-50 ခန့်ရပြီး ကံကောင်းပါကအများဆုံး ဘတ် 100 ကျော်ရကြောင်း၊ ရလာသည့်ပိုက်ဆံကို ဆန်၊ ဆီ၊ ဆားနှင့် ဘိန်းမဲကို အဓိကထားပြီး ဝယ်ယူစားသုံးကြကြောင်း၊ တခါတရံ ရာဘစိတ်ကြွဆေးလည်း ရှူကြောင်း၊ ဖေါက်သည်ချ ပြသည်။

> **မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းဝယ်မှု၊ မှီဝဲ စွဲလမ်းမှုများနှင့် ပတ်သက်လာလျှင် ရပ်ရွာလူကြီးများက ဒေသခံအာဏာပိုင်များထံ တိုင် ကြားအကူအညီတောင်းခံသော်လည်း နအဖ အရာရှိများကိုယ်တိုင် ဒီပုပ်ထဲက ဒီပဲ ဖြစ်ပြီး ရေနစ်သူကို ဝါးနှင့်ကူထိုးသောခေတ်ပျက် လူ့ဗာလများဖြစ်နေပြန်**

စိုင်းဆန်းက မိမိ တို့ ဝမ့်တူ(မ်)ရွာတွင် ဘိန်းစွဲသူ ကျား/မ7-8 ယောက်ခန့်ရှိကြောင်း၊ အဝေးမှ မြင်ရသည်နှင့် မိမိရပ်ရည်မှာ ဘိန်းစားပုံပေါက်နေသယောင်ထင်ရသဖြင့် 2003 ဒီဇင်ဘာလဆန်းပိုင်းမှစ၍ ဝမ့်ကောင်းမူးနှင့် ဝမ့်တူ(မ်) အကြားရှိ ပန်မိုက်ဟုန်း ရဲစခန်းမှ ဘိန်းစား ပုလိပ် 2-3 ယောက်က တခါလျှင် ဘတ်ငွေ 50-100 ပေးပြီး ၎င်းတို့အတွက် မိမိအား ရာဘ စိတ်ကြွဆေးသွားဝယ်ပေးရန် ခိုင်းစေကြောင်း၊ အစကတော့ ၎င်းတို့နှင့် အတူ အနည်းအကျဉ်း ပေးရှူခဲ့ကြောင်း၊ ဝမ့်တူ(မ်)မှ ခြေလျင်ခရီး 1 နာရီကျော်၊ ဆိုင်ကယ်နှင့်ဆိုလျှင် အကြာဆုံး မိနစ် 20 ခန့် သွားရသည့် အနောက်မြောက်ဘက်ရှိ လားဟူပြည်သူ့စစ်များကြီးစိုးသော ပူနားကို ရွာအထိ သွားဝယ်၍ ရွာတွင် လက်လီလာရောင်းသူ အီခိုင် အိမ်၌ ဝယ်ရကြောင်း၊ ရာဘစိတ်ကြွဆေးတပြားလျှင် 15-20 ဘတ်၊ တခါစာရှူရန် (ဘိလပ်ရေစုပ်ပလပ်စတစ်ပြွန်ထဲ 1 စင်တီမီတာခန့် ထည့်ပိတ်ထားသည့်) ဟီးရိုးအင်းဘိန်းဖြူ တဒေါင့်လျှင် ဘတ် 50 ပေးရကြောင်း၊ ဘိန်းမဲကိုမူ လားဟူပြည်သူ့စစ်များ မကြာခဏလက်လီလာရောင်းသဖြင့် တစ်ကျပ်သားလျှင် ကျပ် 100 ခန့် ဝယ်ရကြောင်း၊ ညအချိန် လင်မယား နှစ်ယောက် မီးပြောင်းဖြင့် အခန့်သား မျက်နှာချင်းဆိုင်လျောင်း အိပ်ရှူရင်းတတွတ်တွတ် တီးတိုးစကားပြောနေရလျှင် နေ့တရူဝလောက နိဗ္ဗာန်စံမြန်းရကြောင်း ပြန်ပြောင်းလှစ်ဟခဲ့သည်။

မိမိတို့ရွာမှ ထွက်ခွာလာခဲ့ရခြင်းမှာ ဒေသခံဗမာပုလိပ်များ၏ မတရားအနိုင်ကျင့်မှုကို မခံချင်၍ဖြစ်ကြောင်း၊ တခါတရံ ရာဘစိတ်ကြွဆေးနှင့် ဟီရိုးအင်း ဝယ်မပေးနိုင်သော မိမိအား ရဲတပ်သား ကျော်ကျော် (25 နှစ်) နှင့် ဆေးစွဲသူ ရဲတပ်ကြပ်ဆရာကြီးမောင် (46 နှစ်) တို့က ထိုးကြိတ်ကန်ကြောက်ကြောင်း၊ လွန်ခဲ့သည့် 1 လခန့်ကလည်း ဆေးဝယ်မရသဖြင့် လက်ပြန်ကြိုးတုတ်၍ ထိုးကြိတ်ပြီး မျက်နှာကို ရေဖြင့်လောင်းခဲ့ကြောင်း၊ အမှန်မှာ ၎င်းတို့၏ ရဲစခန်း အဆောက်အဦနှင့် နေရာထိုင်ခင်းကို မိမိအပါအဝင် ကျေးလက်လူထုက မိမိတို့ သက်ကယ်၊ သစ်ဝါးနှင့် လုပ်အားများဖြင့် အလကားလုပ်ပေးခဲ့ရကြောင်း၊ မိမိအကြောင်း မဲ့အရိုက်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ (ဝမ့် နောင်ရွာသူ နန်းဝိုဟိန်း၏ခင်ပွန်း ကျောင်းဆရာဟောင်း) စိုင်းထွန်းလ (38 နှစ်) အား ခမရ 554 ယာယီတပ်ရင်းမှူးထံတင်ပြတိုင်ကြားပေးရန် ပန်ကြားအကူအညီတောင်းခဲ့သော်လည်း သဲထဲရေသွန်ဖြစ်ခဲ့ကြောင်း၊ ယခုမိမိတို့ ဝမ့်ပိန်းဖှာ့ ဒုက္ခသည်စခန်းသို့ ဦးတည်ခဲ့ခြင်းမှာ ဘိန်းဖြတ်ရန်လာရောက်ခြင်းလည်းဖြစ်ကြောင်း၊ အနီးအနားပတ်ဝန်းကျင် မည်သည့်နေရာတွင်မှမူးယစ်ဆေးဝါးရှာမရသော ဤနေရာအဖို့ ဘိန်းဖြတ်ရန် အလွန်သင့်မြတ်လျော်ကန်ကြောင်း စိုင်းဆန်းက ဌာနေစွန့်မူးယစ်သားကောင်များ ကိုယ်စားရင်ဖွင့်ပြသေးသည်။

**မူးယစ်ဆေးဝါးဖြင့် ဝေစား ဝါးစေ လက်ဝေခံများ**

ဒေသခံရဲစခန်းမှ ပုလိပ်အချို့သာမက မိုင်းတူး(မ်) အခြေစိုက်အင်အား 20-30 ခန့်ရှိ ခမရ 554 မှ (ဝမ့်နောင်ရွာသူ နန်းဝိုခမ်း၏ခင်ပွန်း) ဗိုလ်စောသီဟ (37 နှစ်) ဆိုသူလည်း ရာဘစိတ်ကြွဆေးစွဲလာသည်မှာ 2-3 ခန်ရှိပြီဟုဆို၏။ တခါတရံ ၎င်းကိုယ်တိုင် ပူနားကိုရွာအထိသွားယူပြီး လာရောင်းခိုင်း၏။ တခါတရံလည်း ပူနားကို ဂျင့်ွ လားဟူပြည်သူ့စစ်များကိုယ်တိုင်း ၎င်းထံလာရောက်ပေးပို့လေသည်။ ယာယီတပ်ရင်းမှူး ဗိုလ်ကြီးအောင်ကို မှ သိရှိသော်လည်း ဖာသိဖာသာ နေလာခဲ့ကြောင်း စိုင်းဆန်းက ပြောပြသည်။ မဟုန်လွယ်၊ ဝမ့်မတ်အိုး၊ ဝမ့်ကတ်ရွာများတွင် တဖွဲ့လျှင် 2-3 ယောက်စီ လှုစုခွဲ၍ လိုက်လံခြိမ်းခြောက်ရိုက်စားလေ့ရှိသော ပုလိပ်များသည် တခါတရံ မူးယစ်ဆေးဝါးများ ဖမ်းဆီးသိမ်းယူပြီး လာဘ်ထိုးငွေယူကာ လူကို အမြဲလိုလိုပြန်လွှတ်ပေးကြ၏။ ရွာတွင် ဆေးဝါးများလုံးဝပြတ်လတ်သွားပါက ၎င်းတို့ကိုယ်တိုင် ပူနားကို အထိသွားယူပြီး အီခိုင်နှင့် ကျောင်းဆရာထွက် စိုင်းထွန်းလ အား လက်လီရောင်းခိုင်းသည်ဟုဆိုသည်။

ထလန်းရွာဇာတိ အီခိုင်တယောက် လက်လီမူးယစ်ဆေးများရောင်းသည်ကို ရွာလူကြီးများ က ခေါ်ယူသတိပေးဖူးသဖြင့် ကျောင်းဆရာ ထွန်းလတို့အိမ်တွင် ပစ္စည်းသွားထားလိုက်၏။ ဆေးစွဲသူ အချို့ထွက်ဆိုချက် အရ ဝမ့်တူ(မ်)ရွာ၌ ဆေးစွဲသူ7-8ယောက် စလုံး အီခိုင်အိမ် သို့မဟုတ် စိုင်းထွန်းလအိမ်တွင် ရာဘစိတ်ကြွ ဆေးများ ဝယ်ယူကြ ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ခမရ 554 မှ ဗိုလ်စောသီဟ (ဝါ) ကျိုင်းတုံသူ နန်းဆီဝမ်း (32 နှစ်) ၏ ယောကျ်ား ရဲတပ်ကြပ်ကြီးမောင် (ဝါ) ပူနားကို ဂျင့်ွပြည်သူ့စစ်များထံမှ လက်ကား ဝယ်ထားကြကြောင်း၊ 2004 ဩဂုတ်လလယ်က အခြားရဲအရာရှိတယောက်က အီခိုင်အိမ်အထိ လာရောက်ခြိမ်းခြောက် ငွေညှစ်သဖြင့် အီခိုင်က စိုင်းထွန်းလထံမှ ဘတ် 1,000 ယူပြီး လာဘ်ထိုး လိုက်သေးကြောင်း၊ စိုင်းဆန်း၏ဇနီးသည် နန်းကူမှလည်း ပြောပြလေသည်။

မိုင်းဆတ်မြို့ မယ့်ဆွမ်ရပ်ကွက် ဇာတိ စိုင်းထွန်းလတစ်ယောက် ရာဘစိတ်ကြွဆေးစွဲလမ်းလာသည်မှာလည်း 3 နှစ်ကျော် ရှိခဲ့ပြီဖြစ်၏။



127 Burmese.pmd 25 27/1/2548, 0:24

ဆေးစွဲသဖြင့် ပထမဇနီး မိုင်းဆတ်မြို့သူ ဆရာမ နန်းလှဝင်းပင်လျှင် ၎င်းအားကျောခိုင်းစွန့်ခွာခဲ့၏။ ထိုအချိန်မှစ ကျေးလက်ပြည်သူများထက် ပိုမိုပါးနပ်လည်ပယ်သော စိုင်းထွန်းလအဖို့ ဒေသခံနအဖအာဏာပိုင်များ၏ အလိုတော်ရိ ပုဆိန်ရိုးအဖြစ် ပူးပေါင်းခြောက်စားဟောက်စားလုပ်လာခဲ့တော့သည်။ စစ်ထောက်လှမ်းရေးရှိစဉ်ကလည်း MI-24 မှ ကချင်လူမျိုးတပ်ကြပ် အောင်လှိုင်၏ အင်ဖော်မာ လုပ်ခဲ့သည်ဟု ဆိုသည်။

ဒေသခံအာဏာပိုင် (ပုလိပ်/စစ်တပ်) များနှင့် ပေါင်းပြီး ရပ်ရွာလူထုအပေါ် လိမ်ညာရိုက်စားခဲ့သော စိုင်းထွန်းလ၏ လုပ်ရပ်ကို ဆန်းစစ်ကြည့်ပါက (အသေးအဖွဲခြောက်စားဟောက်စားမှုများကိုထား၍) အဓိကနစ်နာဆုံးရှုံးမှု 2 ခါ ကြုံတွေ့ခဲ့ရ၏။ လွန်ခဲ့သည့် 2 နှစ်နီးပါးက တိုက်နယ်တခုလုံး ရွာတိုင်းရှိအိမ်တိုင်းကို တရားဝင် ပုံစံ10 အိမ်ထောင်စုဇယားအသစ်များ လုပ်ပေးမည်ဟု ဆိုကာ ဘာကြေး ညာကြေးကောက်ခံရာ စုစုပေါင်း ဘတ်ငွေ 8,000 ခန့် ရေစုန်မျှောခဲ့ကြရ၏။ လွန်ခဲ့သည့် 2003 နှစ်လယ်ပိုင်းကလည်း တိုက်နယ်တခုလုံး (အသက် 5-60 နှစ်အထိ နိုင်ငံသားမှတ်ပုံတင် တခါမှမရှိဖူးသေးသော) ရွာအသီးသီးမှ လူဦးရေ 70 ခန့်အား မိုင်းဆတ်အထိခေါ်သွားပြီး မှတ်ပုံတင်လုပ်ပေးမည်ဟုဆိုကာ ကြိုတင်အထွေထွေစားရိတ်စုစုပေါင်း ဘတ် 6,000 ကျော်ကောက်ခံခဲ့သော်လည်း ယနေ့တိုင်ငြိမ်ချက်သားကောင်းနေလေသည်။ ရဲစခန်းနှင့် စစ်တပ်ကို ကျောထောက်နောက်ခံပြု၍သာ ၎င်းလုပ်ရဲခြင်းဖြစ်ကြောင်း ကျေးလက်လူထု သိရှိသဖြင့် မည်သူမျှ မည်သည့်ဌာနကို မတိုင်ကြားရဲကြပေ။

ဤသို့ဖြင့် တိုက်နယ်တခုလုံး ဘိန်းစွဲသူ လူဦးရေ အနည်းဆုံး 3-40 ခန့်ရှိသော ယနေ့ မိန်းတူး(မ်)အုပ်စုသည် ဒေသခံနအဖစစ်တပ် (ခမရ 554/553) နှင့် ပုလိပ်များ၏ ခိုင်းစားမှုကို နှစ်ရှည်လများ ခံစားခဲ့ရသဖြင့် လွန်ခဲ့သည့် 10 နှစ်ခန့်မှစ၍ မိုင်းဖုန်း၊ ဟင်တက်၊ ဝမ်းဟိုင်းစသော နယ်စပ်ဒေသအသီးသီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ယခင်နှင့်နှိုင်းယှဉ်လျှင် အိမ်ခြေလူဦးရေ တစ်ဝက်နီးပါးမျှ လျော့နည်း ကျဆင်းခဲ့လေသည်။

မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းဝယ်မှု၊ မှိုင်းစွဲလမ်းမှုများနှင့် ပတ်သက်လာလျှင် ရပ်ရွာ လူကြီးများက ဒေသခံအာဏာပိုင်များထံတိုင်ကြားအကူအညီတောင်းခံသော်လည်း နအဖအရာရှိများကိုယ်တိုင် ဒီပုပ်ထဲက ဒီပဲဖြစ်ပြီး ရေနစ်သူကို ဝါးနှင့်ကူထိုးသောခေတ်ပျက် လူ့ဗာလများဖြစ်နေပြန်တကား။

သျှမ်းသံတော်ဆင့်–စိုင်းစိန်ကြည်
(10 December 2004)

# စာမူဖိတ်ခေါ်ခြင်း

ကွဏ်းခေါ် Independence စာစောင်အတွက် အောက်ပါသတ်မှတ်ချက်ဘောင်များအတိုင်း စာမူများရေးသားပေးပို့ကြပါရန် တောင်းခံပန်ကြားအပ်ပါသည်။

1. Font size-14 ဖြင့် ကွန်ပြူတာစာလုံးဆိုပါက A4 စက္ကူအရွယ် 2 မျက်နှာထက်ပိုမရှည်စေလိုပါ။ (လက်ရေးမူနှင့်ဆိုလျှင် အများဆုံး 3 မျက်နှာခန့်)
2. ❒ လက်ရှိ ပစ္စက္ခအခြေအနေတွင် ဖြစ်ပျက်သည့်သတင်းများအပေါ် အခြေခံသော ...
   ❒ တရားမျှတမှု၊ တန်းတူမှု၊ လွတ်လပ်မှု/ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်းသော ...
   ❒ ကိုယ်ပိုင်ပြဌာန်းခွင့် (RSD)၊ လူမျိုးစုအခွင့်အရေး (Ethnic Rights)၊ ဌာနေတိုင်းရင်းသားအခွင့်အရေး (Indigenious Rights)၊ အမျိုးသားအခွင့်အရေး (National Rights)၊ ပြည်ထောင်အခွင့်အရေး (State Rights)၊ စာပေယဉ်ကျေးမှု အခွင့်အရေး (Literature & Cultural Rights)၊ စသည်များနှင့် အကြုံးဝင်သော ... လေ့လာဆန်းစစ်ချက်၊ သမိုင်းအမြင်သုံးသပ်ချက်၊ ဝေဖန်ချက်ဆောင်းပါးများကို ဦးစားပေးစေလိုပါသည်။
3. တိုင်းရင်းသားရေးရာသတင်းဓါတ်ပုံ၊ သမိုင်းအထောက်အထား (အတိုအထွာ)များ၊ အယ်ဒီတာ့ထံပေးစာ၊ ဝေဖန်အကြံပြုချက်၊ကာတွန်းနှင့် အခြားထူးပြားသောသတင်းများလည်း ကြိုဆိုပါသည်။
4. စာမူရွေးခြယ်ပါက အယ်ဒီတာမှ လိုအပ်သလို ပြင်ဆင်ဖြတ်တောက် (ထုတ်နှုတ်/ဖြည့်စွက်) ပါမည်။
5. မရွေးခြယ်သော စာမူများကို ပြန်ပို့ပေးမည်မဟုတ်ပါ။
6. သျှမ်း၊ အင်္ဂလိပ်၊ ထိုင်း၊ ဗမာ 4 ဘာသာစလုံးရေးသားနိုင်ပါသည်။

**သျှမ်း/ဗမာ ဘာသာ အယ်ဒီတာ**
သျှမ်းသံတော်ဆင့်သတင်းစဉ်
(S.H.A.N.)



127 Burmese.pmd 26 27/1/2548, 0:24

# [redacted] ကိုးသောင်း သို့ ပန်ကြားခြင်း

**ဆောင်းပါးရှင်ကိုယ်၌က ဇာတ်ပျက် သွားသဖြင့် သိုက်တူးခွင့်မရသည့်အတွက် "ကြွက်မနိုင်၊ ကျီမီးနှင့်ရှို့ခြင်း" ခြင်းဖြစ်ပါသလော? မစားရသည့်အမဲ သဲနှင့်ပက်ခြင်းလော?**

အမျိုးသားလွတ်မြောက်ရေးအတွက် ရန်သူကို လက်နက်ကိုင်တိုက်ခိုက်နေသည့်အဖွဲ့ အစည်းတခုတွင် ကျနော်တာဝန်ထမ်းဆောင်နေပါသည်။

ကျနော်တို့အဖွဲ့အစည်းသည် တန်းတူရေး၊ တရားမျှတရေး၊ ဒီမိုကရေစီထွန်းကားရေး အခြေခံမူပေါ်တွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်သွားရန် ဦးတည်ချက်ဖြင့်၊ ဘုံရန်သူကို ဆန့်ကျင်တိုက်ခိုက်နေကြသော ဗမာအဖွဲ့အစည်းများအပါအဝင်၊ ဘဝတူလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းပြီး၊ စစ်ရေးအရ၊ နိုင်ငံရေးအရ၊ တိုက်ပွဲဝင်လျက်ရှိပါသည်။

ထို့ကြောင့်လည်း လွတ်မြောက်ဒေသများတွင် ကျင်းပပေးလေ့ရှိသည့် နီးနှောဖလှယ်ပွဲများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ မိမိအဖွဲ့အစည်း၏ တာဝန်ပေးချက်အရ၊ မကြာခဏတက်ရောက်ခွင့်ရခဲ့သည့်အတွက်လက်နက်ကိုင်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အတိုက်အခံအင်အားစုများမှ ပုဂ္ဂိုလ်များနှင့် ခင်မင်ရင်းနှီးမှုရရှိခဲ့ပါသည်။

ထိုနီးနှောဖလှယ်ပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများကျင့်ပနေသည့်ကာလအတွင်း၊ ညနေပိုင်းများတွင် ယမကာဝိုင်းဖွဲ့ကြပြီး၊ စားရင်းသောက်ရင်း ဟိုအကြောင်း ဒီအကြောင်းများပြောတတ်ကြပါသည်။

လူ့အခွင့်အရေးပညာပေးနေသူကိုယ်တိုင်က လူ့အခွင့်အရေးဖေါက်ဖျက်နေသည့်အကြောင်း၊ ဥပဒေရေးရာ ပညာပေးနေသူက ဥပဒေနှင့်မညီညွတ်သည်များပြုလုပ်နေသည့်အကြောင်း၊ ပဋိပက္ခဖြေရှင်းရေးဦးဆောင်ပေးနေသူက ပြဿနာများဖန်တီးပေးနေသည့်အကြောင်း၊ အခြေအနေအရ ဖက်ဒရယ်ပြည်ထောင်စုကို မူအားဖြင့်လက်ခံထားသော်လည်း ဒါဟာ နောင်ခါလာနောင်ခါချေးသာဖြစ်သည်ဟု ပြောဆိုကြသည့် အဖွဲ့အစည်းများရှိသည့်အကြောင်း၊ နီးနှောဖလှယ်ပွဲများကျင်းပပေးပြီး သုတေသနစာတမ်းအတွက် ဦးဏှောက်ဖေါက်စားနေကြသည့် အဖွဲ့အစည်းများအကြောင်း၊ စသည်တို့ပါဝင်ပါသည်။ ထို့အပြင် ဂုတဂုထဲတွင် ခြသေ့်နှစ်ကောင်အောင်းနေသည့်အတွက် တစ်ကောင်အား အမ လုပ်ခိုင်းရာမလုပ်ဘဲ အမေရိကားသို့ထွက်ပြေးသွားသည့်အကြောင်း၊ အဖမ်းခံရမှာကြောက်၍ တောခိုရာမှ "ဂွင်"မိသွားသဖြင့် ထောသွားသူများအကြောင်း၊ အဖွဲ့အစည်းအကျိုးအတွက် အနစ်နာခံတာပါဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံခြားသူနှင့်ပေါင်းသင်းလိုက်ကြသည့် လုပ်ဖေါ်ကိုင်ဘက်များအကြောင်း၊ ဒီမိုကရေစီအားနည်းချက်ကြောင့် သခင်ယေရှုလက်ဝါးကပ်တိုင်အတင်ခံလိုက်ရတာဟုပြောဆိုသည့်အတွက် ဒါးမဖြင့် အလိုက်ခံလိုက်ရသူအကြောင်း၊ တတိယနိုင်ငံသို့သွားနိုင်ရန်အတွက် ထမင်းရှင်အား ပြန်ကိုက်သည့်ခွေးများအကြောင်းသာမက ရက္ခစိုးပြောတဲ့ ဒီမိုကရေစီပုံပြင်၊ ခေတ်ကြီးကိုက ဘာခေတ်ကြီးလဲ၊ မြင်းကျားကြီးရဲ့မျှော်လင့်ချက်၊ စစ်ပြန်ပုံပြင် စသည့် ... စသည့် ရယ်စရာမောစရာ အကြောင်းများ ပြောဆိုလေ့ရှိကြပါသည်။

ထိုသို့ ယမကာဝိုင်းဖွဲ့၍ ပြောဆိုကြခြင်းမှာ တရားဝင်ပြောဆိုကြခြင်းမဟုတ်ပါ။ လူတစ်ဦး၊ အဖွဲ့အစည်းတခု၊ အမျိုးသားတရပ်၏ ဂုဏ်သိက္ခာကိုထိခိုက်စေလို၍လည်း မရည်ရွယ်ပါ။ ပျော်စေပျက်စေသဘောရိုးဖြင့်သာ ရယ်စရာအဖြစ်ပြောဆိုကြခြင်းဖြစ်ပါသည်။

**ရိုးသားစွာစေတနာအရင်းခံဖြင့်တင်ပြလိုပါက သတ္တိရှိရှိ၊ ပွင့်ပွင့်လင်းလင်း၊ လူနာမည်အမှန်၊ အဖွဲ့အစည်းနာမည် အမှန်ဖေါ်ပြသင့်ပါသည်**

ကျနော်သည် မိမိအဖွဲ့အစည်းမှ ခေါင်းဆောင် များအားလုံးကို ရိုသေလေးစားသကဲ့သို့ အခြားအဖွဲ့အစည်းများမှ ခေါင်းဆောင်အားလုံးကိုလည်း လေးစားပါသည်။ အသိအမှတ်ပြုပါသည်။ ၎င်းအပြင် ယခုအခါတော်လှန်ရေးအဖွဲ့ အစည်းတိုင်းလိုလို၊ ငွေကြေးအကြပ်အတည်းများ ရင်ဆိုင်ကြုံတွေ့နေချိန်ဖြစ်သဖြင့် ငွေကြေးရုပ်စတ္တုပစ္စည်းများအရသော်လည်းကောင်း၊ စိတ်ဓါတ်ရေးရာအရသော်လည်းကောင်း၊ အကူအညီ ပံ့ပိုးကြသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့်ကြားခံဆက်သယ်ပေးသူ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။

သို့သော်လည်း 2004 ခု နိုဝင်ဘာလ 24 နေ့ထုတ်၊ အမှတ် 477, Voice of Burma စာစောင်၊ စာမျက်နှာ 4 တွင် ဖေါ်ပြပါရှိသည့် ဆောင်းပါးရှင် ကြေးမုံဦးသောင်း၏ **"သူရဲကောင်းမင်းကိုနိုင်သို့ ပန်ကြားလွှာ"** ဆောင်းပါးကို ဖတ်ရှုလိုက်ရသောအခါ၊ မင်းကိုနိုင်အဘို့ မည်သို့ခံစားရမည်မသိ၊ ကျနော့်အဘို့ကား အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းတို့နှင့်အတူ သို့လော၊ သို့လောများစွာဖြစ်ပေါ်လာမိသည်။

အဆိုပါဆောင်းပါးအရ "ဒီမိုကရေစီလုပ်စားသူလူတန်းစားသစ်" ပေါ်လာသည်ဟုဆိုရာ၌ ဘယ်လိုလူတန်းစားမျိုးကိုဆိုလိုပါသလဲ?။ မည်သည့်အဖွဲ့အစည်းက မည်သူများနှင့် ဖွဲ့ထားပါသလဲ? သိုက်တူးသမားက ဘယ်သူလဲ?၊ သိုက်တူးသမားနှင့်ပေါင်းမိသူကရော ဘယ်သူတွေဖြစ်ပါသလဲ?၊ သူတို့နှစ်ဦးသာ သန်းကြွယ်သူဌေးကြီးဖြစ်သွားကြသည် ဟူသောဖေါ်ပြချက်မှာ ဘယ်လောက်အထိချမ်းသာသွားကြပါသလဲ။ **"ရှမ်းတယောက်နှင့် ဗမောက်တရာ (ဗမာတယောက်) ဆိုတာ ဘယ်သူတွေလဲ?"**– စသည့်မေးခွန်းပေါင်းများစွာပေါ်လာပါသည်။ မင်းကိုနိုင်ခေါင်းဆောင်ခဲ့ဘူးသည့် ရန်ကုန်ကျောင်းသားသမဂ္ဂနှင့် အဆိုပါပုဂ္ဂိုလ်နှစ်ဦးအား ရန်တိုက်ပေးခြင်းဟုတ်ပါသလော?။ ရှမ်းနှင့် ဗမာ အဓိကရုဏ်းဖြစ်စေရန် လှုံ့ဆော်ပေးထားခြင်းလော?၊ ဆောင်းပါးရှင်ကိုယ်၌က ဇာတ်ပျက်သွားသဖြင့် သိုက်တူးခွင့်မရသည့်အတွက် "ကြွက်မနိုင်၊ ကျီမီးနှင့်ရှို့ခြင်း" ခြင်းဖြစ်ပါသလော? မစားရသည့်အမဲ သဲနှင့်ပက်ခြင်းလော?– စသည့် သံသယများစွာလည်း ဖြစ်ပေါ်လာပါသည်။



127 Burmese.pmd 27 27/1/2548, 0:24

ဤမေးခွန်းပေါင်းများစွာ၊ သို့လော ... သို့လောများစွာနှင့်အတူ ကျနော့်မှာ ဇဝေဇဝါ၊ နဝေတိမ်တောင်ဖြစ်ပေါ်ခံစားနေရသဖြင့် ဆောင်းပါးရှင်ထံ ပန်ကြားလိုသည့် စိတ်ဆန္ဒများ ဖြစ်ပေါ်လာပါသည်။

သို့အတွက်လည်း ဆောင်းပါးရှင် ဦးသောင်းထံသို့ အောက်ပါအတိုင်း ကျနော် ပန်ကြားလိုက်ပါသည်။

1. ကျနော်တို့၏ ဘုံရန်သူသည် နအဖစစ်အာဏာရှင်ဖြစ်သည် ဆိုသောအချက်ကို မမေ့စေလိုပါ။
2. ရန်သူအားကျည်ဆံပေးပြီး၊ မိမိကိုပြန်ပစ်ခိုင်းသည့် (သူခိုးခါးရိုးကမ်း) လုပ်ရပ်မျိုး ရှောင်ရှားသင့်ပါသည်။
3. ပူပူနွေးနွေးထောင်ထွက် မင်းကိုနိုင်အား စိတ်အနှောင့်အယှက်ပေးလိုက်ခြင်းမှာ မသင့်တော်ပါ။
4. ကျောင်းသားပြည်သူ၊ ရဟန်းရှင်လူတရပ်လုံးအား ရိုးသားစွာစေတနာအရင်းခံဖြင့် တင်ပြလိုပါက သတ္တိရှိရှိ၊ ပွင့်ပွင့်လင်းလင်း၊ လူနာမည်အမှန်၊ အဖွဲ့အစည်းနာမည်အမှန်ဖော် ပြသင့်ပါသည်။
5. လူပုဂ္ဂိုလ်အမည်နာမကိုသာ ဖော်ပြပြီး ရှမ်းနှင့်ဗမာဟူ၍ လူမျိုးအမည်ကို မဖော်ပြသင့်ပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေပါသည်။
6. မိမိ၏ ကျမ္မာရေးကို ဂရုစိုက်၍ နေ့စဉ်ဘုရားတရားကိုသာ အာရုံပြုစေလိုပါသည်။

လေးစားစွာဖြင့်
ကောဘယ်လ်မောင်
6 December 2004

## သျှမ်းတိုင်းရင်းသူ နန်းဇမ်တောင်း ကမ္ဘာ့အမျိုးသမီးဆုရှင် အဖြစ်ရွေးချယ်ခံရ




အမေရိကန်အခြေစိုက် မဲရစ္စ ကလယ်ရီ အမျိုးသမီးမဂ္ဂဇင်းက ရွေးချယ်သည့် ကမ္ဘာ့အမျိုးသမီး အဖွဲ့ဝင် (၁၀) ဦးစာရင်း၌ မြန်မာနိုင်ငံက ရှမ်း တိုင်းရင်းသူ နန်းဇမ်တောင်း လည်း ပါဝင်သည်ဟု သိရသည်။ အသက် (၂၃) နှစ်သာ ရှိသေးသည့် နန်းဇမ်တောင်း မှာ ရှမ်းဒုက္ခသည်တဦးဖြစ်ပြီး ရှမ်းအမျိုးသမီးပူးပေါင်းဆောင်ရွက်ရေး (SWAN) အဖွဲ့ဝင် တဦးလည်း ဖြစ်သည်။ (SWAN) အဖွဲ့လုပ်ငန်း သာမကနယ်စပ်ရှိ ရှမ်းဒုက္ခသည် လူငယ်များအား အင်္ဂလိပ်စာ သင်ကြားပို့ချရေး၌ ကူညီဆောင်ရွက် ပေးနေသူလည်း ဖြစ်သည်။ ယခုလို ကမ္ဘာ့အမျိုးသမီးဆုရှင်အရွေးခံရခြင်းနှင့် ပတ်သက်၍ မည်သို့ခံစား ရကြောင်းမေးမြန်းရာ နန်းဇမ်တောင်းက ဒီဗွီဘီ ကို ယခုလို ပြောပြခဲ့သည်။

"အခုလို ဆုရတာတော့ ဝမ်းသာစရာပေါ့၊ ကျမတယောက်တည်းမဟုတ်ပါဘူး။ ကျမတို့ရဲ့ ရှမ်းအမျိုးသမီးအဖွဲ့ (SWAN) အဖွဲ့ကိုပေးချင်လို့ ဖြစ်မှာပါ။ (SWAN) ရဲ့ လှုပ်ရှားမှုအပေါ် မူတည်ပြီးတော့ (SWAN) ရဲ့ ကိုယ်စားရတာပဲလို့ ကျမ ယုံကြည်မိတယ်။ နောက်ပြီးတော့ ရှမ်းလူထုကိုယ်စားလည်းပါတာပေါ့ရှင်။"

ယခုလို အရွေးခံရသည်မှာ မည်သည့်အတွက်ကြောင့်ဟု ထင်မြင်မိကြောင်း ဆက်လက် မေးမြန်းရာ ယခုလို ပြန်လည်ဖြေကြားခဲ့သည်။

"ဒါကတော့ ကျမတို့ (SWAN) အမျိုးသမီးအဖွဲ့အနေနဲ့ အမျိုးသမီးတွေအပေါ် အကြမ်းဖက် ခံရမှု၊ ကလေးတွေအပေါ် အကြမ်းဖက်မှုစတာတွေပေါ့နော်၊ လူ့အခွင့်အရေးချိုး ဖောက်မှုတွေကို အမှန်တကယ်ပဲ ကြိုးကြိုးစားစားလုပ်ပြလို့၊ နောက်တခုက ဒီလုပ်ဆောင် မှုအပေါ် တကယ်ပဲ အကျိုးသက် ရောက်မှုရှိလို့ အခုလို ရွေးချယ်ခံရတာပဲလို့ ကျမထင်ပါတယ်။"

ယခုရရှိမည့်ဆုငွေဒေါ်လာ (၅၀၀၀) ကို ရှမ်းဒုက္ခသည်များအတွက် အသုံးပြု သွားမည်ဟု လည်း နန်းဇမ်တောင်း က ပြောပြခဲ့သည်။

DVB, 27 November 2004

## NC က စစ်အာဏာရှင်သက်ဆိုးရှည်ဖို့ပဲ

"ကျနော်တို့မတက်ဘူးလို့ ဆုံးဖြတ်ထားတာကတော့ သူတို့က Road Map ဆိုတဲ့ အစီအစဉ်ဆွဲ ထားတဲ့ မူ (၇)ချက်ရှိ တယ်။ အဲ့ဒီဥစ္စာတွေကို ကြည့်တယ်၊ နောက်တခုက သူတို့က အရင်တခါ ညီလာခံလုပ် တုန်းက (၁၀၄) မူဆိုပြီးတော့ အဲ့ဒီ (၁၀၄)ချက်ကို သူတို့လုပ်ထားတယ်။ အဲ့ဒါကို ဒီတခါ ညီလာခံကို တက်တယ်ဆိုလို့ရှိရင် မပြင်တော့ဘူး၊ နည်းနည်းမှ အထိမခံဘူးလို့ ပြောတဲ့အတွက်ကြောင့် ကျနော်တို့က ဟာ ဒီလိုဆိုလို့ ရှိရင် တက်လည်းအကြောင်းမထူးဘူး၊ ဆိုပြီးတော့ အဲ့ဒီဥစ္စာ ဒီမိုကရေစီဘက်ကို ဦးတည်တာမရှိပါဘူး။ အခုစစ်အာဏာရှင်စနစ်ကို သူတို့က သက်ဆိုးရှည်ဖို့၊ တရားဝင်ဖြစ်ဖို့ အဲ့ဒါပဲ လုပ်တာပါပဲ။ ဒီမိုကရေစီနဲ့ ဘာမှမ ဆိုင်ဘူးဆိုပြီး ကျနော်တို့ တက်လည်း အကြောင်းမထူးဘူးဆိုပြီးတော့ ဆုံးဖြတ်ထားတာပါ။"

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများအဖွဲ့** (UNA) မှ **ဦးကျင့်ရှင်းထန်**
27 December 2004

# ရှမ်းပြည်အတွက် အခြေခံဥပဒေမူကြမ်းတရပ်ပြီးစီး



ရှမ်းပြည်အတွက် အခြေခံဥပဒေမူကြမ်း တရပ် ရေးဆွဲပြီးပြီမို့ ပြည်သူတွေကြားမှာ ထုတ်ပြန်ချပြတော့မှာဖြစ်ကြောင်း ပြည်ပရောက် ရှမ်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးခွန်ကြာနုက ပြောပါတယ်။

အခန်း ၈ ခန်းပါတဲ့ အဲဒီမူကြမ်းမှာ ရှမ်းပြည်ဟာ ဖက်ဒရယ်ပြည် ထောင်စုထဲပါဝင်တဲ့ ပြည်ထောင်တခုဖြစ်ဖို့ အနာဂတ်မှာ ဖက်ဒရယ် ပြည်ထောင်စုကြီးရဲ့အစိတ်အပိုင်းဖြစ်မလား၊ သီးခြားရပ်တည်မလားဆိုတာ ရှမ်းတိုင်းရင်းသားတွေဆုံးဖြတ်ခွင့်ရှိဖို့ စတဲ့အချက်တွေလည်း ပါဝင်ပါတယ်။ ဒါ ကြောင့် ဦးခွန်ကြာနုကို BBC က ဆက်သွယ်မေးမြန်းကြည့်ပါတယ်။

ပထမဆုံး **“လူထုရဲ့သဘောထားဆန္ဒ အတွက် ကျနော်တို့ ကျောရိုး ချပေးလိုက်တယ်၊ အခြေခံဥပဒေမှာ ဘာတွေဖြစ်ရမယ်ပေ့ါ၊ ပြီးတော့ အားလုံးကို ကျနော်တို့တောင်းပြီးတော့ ဒီကျောရိုးက ဟုတ်ပြီလား၊ ပြင်စရာရှိသလား၊ မရှိဘူးလားပေ့ါ၊ အဲဒီလိုမေးတယ်၊ ဥပမာ အခန်း ၁ က ဘာ၊ အခန်း ၂ ကဘာ ဆိုတာမျိုးပေ့ါ၊ ဖြည့်စရာရှိသလားပေ့ါ၊ ဘယ်သူမှ ဘာ မှမရှိလို့ရှိရင် ဒီဥစ္စာကတော့ ကြိုက်တယ်လို့ သဘောရတယ်ပေ့ါ၊ အဲဒီအခါကျ မှ ကျနော်တို့က ဒီအပေါ်မှာ တခါ မေးခွန်းတွေထုတ်တယ်”**

အဲဒါတွေက ပြည်တွင်းကိုရော ပြည်ပကိုရော မေးတာလား။

**“ကျနော်တို့ ပြည်တွင်းမှာက လူမှုဝန်ထမ်းတို့ ဘာတို့ အကုန် လုံးပေ့ါ၊ နောက်ပြီးတော့ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးစိတ် ပါဝင်စားသူတွေ၊ ပညာရှင်တွေ အဲဒါတွေ ဆိုင်ရာဆိုင်ရာတွေကို မေးပါတယ်”**

အခု တကယ်လို့ လူထုရဲ့ဆန္ဒနဲ့အညီ ရေးဆွဲထား တယ်ဆိုရင် ရှမ်းပြည်မှာ အကောင်အထည်ဖော်ဖို့ လက်တွေ့ ဘယ် လောက်ကျပါသလဲ။

**“လက်တွေ့ကျတယ် မကျဘူး ဆိုတာက နောက်မှ ပေါ်လာမယ့်အပေါ် မှာတည်မယ်နော်၊ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့က ပထမဆုံးက အောက် ခြေကနေ အထက်ကို ဖြစ်လာအောင်၊ ပေါ်လစီဖြစ်လာတဲ့အခါကျ လို့ရှိရင် အတည်ဖြစ်ရမှာပေ့ါ”**

အခု ဆရာတို့ထုတ်ပြန်ချက်ထဲမှာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုမှာ ရှမ်းပြည် ပါမပါ ဆိုတာကို ရှမ်းပြည် သူတွေဆုံးဖြတ်မယ်လို့ရေးထားတာ တွေ့ရတယ်လေ၊ အဲဒါ ရှမ်းပြည်သူတွေက ဘယ်အချက်ပေါ် မှာမူတည်ပြီး ဆုံးဖြတ်ဖို့ရှိပါသလဲ။

**“အဲဒါက အဓိကမဟုတ်ဘူး၊ အခု ကျနော်တို့အဓိကရေးထားတာက ပြည်ထောင်စုကို ညီညွတ်အောင် ဘယ်လိုလုပ်ပြီးတော့တည်ထောင်ကြမလဲ၊ လွတ် လပ်ရေးမရခင်က လွတ်လပ်ရေးယူတာ ဖက်ဒရယ်နဲ့ယူကြတယ်၊ ပြည်ထောင် တွေပေါင်းပြီးတော့ ပြည်ထောင်စုတည်ထောင်မယ်ဆိုပြီးတော့ လုပ်ကြတာကိုး”**။

BBC, 24 December 2004






127 Burmese.pmd 29 27/1/2548, 0:24

# အပေးအယူ

## (သို့မဟုတ်) နိုင်ငံရေးကြားပွဲစားများ၏ အန္တရာယ်

လူအ ချို့က အပေးအယူဟုကြားလိုက်သည်နှင့် တွန့်ဆုတ်သွားတတ်ကြသည်။ မည်သည့်အခြေအနေတွင်ဖြစ်စေ အပေးအယူလုံးဝမလုပ်လိုကြ။ ကိုယ်ဖြစ်ချင်သောအရာအားလုံးကို လုံးဝအလျှော့မပေးဘဲ မရ ရသည့်နည်းနှင့် ရယူပိုင်ဆိုင်လိုကြသည်။ လူအချို့မှာမူ မည်သည့်အခြေအနေ၌မဆို မည်မျှပင် အလျှော့ပေးရပါစေ ပြေလည်လျှင်ပြီးရောဆိုပြီး အပေးအယူလုပ်လိုကြသည်။ အချို့ကတော့ သူမသာ ကိုယ်မနာ အခွင့်အရေးမျိုးရှိသော အခြေအနေအထိ ရောက်နိုင်စေရန် ဖန်တီးရင်း အပေးအယူလုပ်လိုကြသည်။

တော်လှန်ရေး (ဝါ) နိုင်ငံရေး လုပ်သည်ဆိုရာ၌ နိုင်ငံရေးစနစ်တိုးတက်ပြောင်းလဲစေရန် လူသားများဘဝ ငြိမ်းချမ်းသာယာစေရန် ရည်စူးခြင်းဖြစ်သည်။ ယင်းရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် ထိုက်တန်သော အရင်းအနှီးများ ပေးဆပ်ကြရသည်။ တော်လှန်ရေး (ဝါ) နိုင်ငံရေးလုပ်ကြရာ၌ အခြေခံမူသဘောတရားများနှင့် လက်ရှိကမ္ဘာကြီး တိုးတက်ပြောင်းလဲမှု အခြေအနေများ သဟဇာတဖြစ်စေရန် လိုက်လျောညီထွေ ကျင့်သုံးတတ်ဖို့လိုအပ်သည်။ မိမိ သဘောတရားနှင့် အခြေခံမူကိုသာ တဖက်သတ်အသားပေးပြီး ပစ္စက္ခအခြေအနေကို မျက်ကွယ်ပြုခဲ့ပါက ခေတ်ရေစီးကြောင်းအတိုင်း မလိုက်နိုင်ဘဲ လည်း ရှိနေပါမည်။ ထိုနည်းတူ ပစ္စုပ္ပန်ပြောင်းလဲမှုနောက်သို့သာ တကောက်ကောက်လိုက်ပါလျှင်လည်း တော်လှန်ရေး၊ နိုင်ငံရေးအခြေခံမူ သဘောတရားများအား ဘေးဖယ်ကျောခိုင်းထားသည့်အလား တော်လှန်ရေးနိုင်ငံရေးအခြေအနေ ကမောက်ကမ ဖြစ်တတ်ပါသည်။

ခေတ်သမယ၏ ပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ တော်လှန်ရေး၊ နိုင်ငံရေး၏ အဓိက ပင်မမဟာဗျူဟာဆိုင်ရာ အခြေခံသဘောတရားများကို မထိခိုက်စေဘဲ လိုအပ်လာလျှင် ကွေးနိုင်ဆန့်နိုင်သည့် ပြုပြင်ပြောင်းလဲမှုမျိုး (flexible) လုပ်ဆောင်တတ်ဖို့၊ လုပ်ဆောင်ရဲဖို့ လိုအပ်ပါသည်။ သို့မှသာ တော်လှန်ရေး၊ နိုင်ငံရေးအခြေခံမူ သဘောတရားကို စွန့်လွှတ်ပစ်ပယ်ရာမကျဘဲ တည်တံ့စွာ ဆက်လက်ရပ်တည်နိုင်ပြီး ခေတ်ကာလ၏ တောင်းဆိုမှုကိုလည်း ပေးစွမ်းနိုင်မည်။

အဖြစ် မြင်တွေ့လိုကြသည်။ သို့သော်လည်း အာစီယံနိုင်ငံအများစုနှင့် အင်အားကြီး အိမ်နီးနားချင်းနိုင်ငံများကမူ ဒီမိုကရေစီစနစ်ထွန်းကားရေးထက်၊ အာဏာခိုင်မြဲသော အစိုးရတရပ်ဖြစ်ပေါ်ရေး၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးကိုသာ အားသန်နေကြသည်။ ယင်းနိုင်ငံများအဖို့ Burma ၏ နိုင်ငံရေးဖြစ်စဉ်၊ လက်ရှိနိုင်ငံရေးအခြေအနေကို အသေအချာမသိရှိကြပေ။ အတိုက်အခံများအား ဖိအားပေးကာ နအဖနှင့် လက်တွဲပူးပေါင်းရေးလမ်းကြောင်းသို့သာ တွန်းပို့နေသည်ကို တွေ့ရှိရသည်။

အတိုက်အခံတော်လှန်ရေးအင်အားစုအဖွဲ့အစည်းများမှ ခေါင်းဆောင်တို့သည်လည်း ပြည်သူလူထုအင်အားဖြင့်သာ အောင်ပွဲခံနိုင်ကြောင်း မူအားဖြင့် လက်ခံထားကြစေကာမူ လက်တွေ့ကျကျ အကောင်အထည်ဖော်မှုတွင် အားနည်းနေသည်ကို တွေ့နေရပါသည်။ အခွင့်အခါမပေး၍လော၊ လုပ်ကိုင်ပုံနည်းနာများ ချွတ်ချော်တိမ်းစောင်း၍လော မပြောတတ်ပေ။ လူထု

**အချို့ကလည်း ရန်သူနှင့် အပစ် အခတ်ရပ်စဲပြီးခါမှ ဘေးကြပ်နံကြပ်အခြေဆိုက်နေကြသည်။ အချို့က တော်လှန်ရေး၊ နိုင်ငံရေး အခြေခံမူသဘောတရားများကို ချောင်ထိုးထား ပြီး NGO အဖွဲ့များ၏ လက်ဝေခံနီးပါး ပြောင်း လဲသွားကြသည်**

ယနေ့အခြေအနေအရ ရန်သူ (နအဖ) စစ်အုပ်စုနှင့် တော်လှန်ရေး၊ နိုင်ငံရေးအဖွဲ့အစည်းများအားလုံးအဖို့ အခက်အခဲ အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ အတိုက်အခံတော်လှန်ရေး၊ နိုင်ငံရေးအင်အားစုများသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ထောက်ခံအားပေးသော နိုင်ငံများနှင့် ကမ္ဘာ့ကုလသမဂ္ဂထံ အားကိုးတကြီး ချဉ်းကပ်နေကြသည်ကို တွေ့ရသည်။ အာဏာရှင်စစ်အုပ်စုကလည်း မိမိအာဏာ ခိုင်မြဲရေး၊ အာဏာရေရှည် ဆုပ်ကိုင်ထားနိုင်ရေးအတွက် လူ့အခွင့်အရေးကို ဂရုမစိုက်ဘဲ စီးပွားရေး ငမ်းငမ်းတက် လုပ်ချင်သော အိမ်နီးနားချင်းနိုင်ငံများနှင့် ပုလဲနံပသင့်စွာ ပူးပေါင်း၍ ယင်းတို့၏ အုပ်ချုပ်ရေးယန္တရား သက်ဆိုးရှည်စေရန် ကြံစည်လုံးပမ်းနေသည်ကို တွေ့ရသည်။

ဒီမိုကရေစီကို ထောက်ခံအားပေးသောနိုင်ငံများနှင့် ကုလသမဂ္ဂအဖို့ Burma ခေါ် မြန်မာပြည်အား ဒီမိုကရေစီစနစ် ခိုင်မာသော နိုင်ငံ (သို့မဟုတ်) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ

အင်အားကို အပြည့်အဝယုံကြည်ပြီး လက်တွေ့ကျကျ အသုံးချလုပ်ဆောင်ဝံ့သူမှာ NLD ပါတီအထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သာဖြစ်သည်။ NLD မှ ပြည်သူ့အင်အားနှင့် လူထုထောက်ခံမှုအပြည့်အဝမရရှိစေရန်၊ မိမိအာဏာစက်အပေါ် မထိပါးစေရန် နအဖက ပြည်သူကို သပ်လျှိုသွေးခွဲ၊ အနုအကြမ်းနည်းလမ်းပေါင်းစုံ စည်းရုံးသိမ်းသွင်းခဲ့ပါသည်။ နောက်ဆုံးသွေးခွဲသပ်လျှို၍မရသည့်အနေအထားသို့ ရောက်ရှိလာသောအခါ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လုပ်ကြံသည်အထိ မိုက်ဇာတ်ခင်းခဲ့ကြလေသည်။ ဤအဖြစ်ကို ကမ္ဘာကလည်းသိပြီးဖြစ်ပါသည်။ နအဖသည် ပြည်သူ့အင်အားကို ရရှိနိုင်ရန် မိမိ၏ လက်ကိုင်တုတ် ကြံ့ဖွံ့အဖွဲ့အား ငွေကြေး၊ မက်လုံး၊ လုပ်ပိုင်ခွင့်အာဏာများပေးပြီး စည်းရုံးသိမ်းသွင်းခဲ့သည်သာမက လူထုထောက်ခံမှုရစေရန် မရ ရသည့်နည်းနှင့် တည်ဆောက်နေသည်ကိုလည်း အားလုံးအသိဖြစ်ပါသည်။

ယ္ခုလက်ရှိအခြေအနေအရ အနှစ်ငါး



127 Burmese.pmd 30 27/1/2548, 0:24

ဆယ်ကျော်ပြည်တွင်းစစ်၏ ဒဏ်ရာဒဏ်ချက်များကြောင့် တော်လှန်ရေး၊ နိုင်ငံရေး အင်အားစုများသည် ခြေကုန်လက်ပန်းကျနေကြသည်ကို တွေ့ရှိရသည်။ အချို့ကလည်း ရန်သူနှင့် အပစ်အခတ်ရပ်စဲပြီးခါမှ ဘေးကြပ်နံကြပ်အခြေဆိုက်နေကြသည်။ အချို့က တော်လှန်ရေး၊ နိုင်ငံရေး အခြေခံမူသဘောတရားများကို ချောင်ထိုးထားပြီး NGO အဖွဲ့များ၏ လက်ဝေခံနီးပါး ပြောင်းလဲသွားကြသည်။ အနောက်နိုင်ငံများ (သို့မဟုတ်) ကမ္ဘာ့ကုလသမဂ္ဂ၏ ဝင်ရောက်စွတ်ဖက်ကူညီမှုရှိမှသာ နိုင်ငံရေးအပြောင်းအလဲလုပ်နိုင်မည်ဖြစ်ကြောင်း အာဘောင်ရင်း သန်သန်လေသံပစ်လာနေကြသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ လေဖမ်းဒန်းစီးပြောင်းလဲလာမှုကို နိုင်ငံရေးဆိုင်ရာ ပျော့ပြောင်းမှု (flexible) အဖြစ် NGO အချို့နှင့် အနောက်နိုင်ငံအချို့က သဘောတွေ့ ကြိုဆိုအားပေးကြသည်။ သို့သော် တော်လှန်ရေးနိုင်ငံရေးအဖို့ အပြောကြီးသလောက် လက်တွေ့မဆန်ဖြစ်တတ်ကြောင်း ထောက်ပြသူလည်းရှိလာသည်ကို တွေ့ရှိရပါသည်။

တော်လှန်ရေးနိုင်ငံရေး၏ လက်ရှိအခက်အခဲများ ဖြေရှင်းကျော်လွှားနိုင်စေရန်၊ အနောက်နိုင်ငံ၊ ကုလသမဂ္ဂနှင့် NGO အားကိုးလိုစိတ်များ လျှော့ချနိုင်စေရန်၊ မိမိတို့အဖွဲ့အစည်း ဆက်လက်ရပ်တည်နိုင်စေရန် ပြုလုပ်ရေးအတွက် အောက်ခြေရဲဘော်များ၊ သစ္စာရှိသောအဖွဲ့ဝင်များက တောင်းဆိုလိုလားကြသည်။ အကယ်၍ မိမိတို့အင်အားကို ခိုင်မာအောင် မတည်ဆောက်နိုင်ဘဲ မဟာဗျူဟာ၊ နည်းဗျူဟာများကို တခုပြီးတခုပြောင်းလဲချမှတ်ပြီး Workshop များဖြင့်သာ လုံးထွေးအချိန်ကုန်နေကြပါက အသံသာရှိပြီး အဆန်မရှိသော သကြိုန်အမြောက်နှင့်တူပါလိမ့်မည်။

ဤစပ်ကြားအချို့ NGO သည်ငင်း၊ အတိုက်အခံအင်အားစုများထဲမှ အချို့လူပုဂ္ဂိုလ်တို့သည် ၎င်း၊ တော်လှန်ရေးနိုင်ငံရေး အဖွဲ့အစည်းများအကြား ကြားပွဲစားလုပ်ပြီး ကိုယ်ကျိုးရှာအမြတ်ထုတ်ရန် ကြံစည်လာနေကြသည်ကို အထူးသတိပြုရန်လိုအပ်ပါသည်။ ပွဲစားလုပ်သူအချို့ဆိုလျှင် နအဖ နှင့် မည်သည့်အနေအထား၌ မဆို အပေးအယူလုပ်ပြီး နိုင်ငံရေးအပြောင်းအလဲလုပ်ကြရန် သွေးဆောင်လှည့်စားနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လာရသည်။ တော်လှန်ရေးနိုင်ငံရေးဘောင်စည်းမျဉ်းများ ကျိုးပျက်ကာ ရန်သူနှင့် မိတ်ဆွေလုံးထွေးခြင်းဖြင့် တော်လှန်ရေး နိုင်ငံရေး လမ်းစဉ်များ ရှုပ်ရှက်ခတ်မှေးမှိန်လာသည်ကို သတိထားသင့်လှပေသည်။

**တော် လှန်ရေးအဖွဲ့အစည်းများသည် မိမိတို့ ခြေထောက်ပေါ်တွင် ခိုင်မာစွာရပ်တည်နိုင်စေရန် နည်းလမ်းများ ရှာဖွေကြရမည်။ ကိုယ့်ခြေထောက်ပေါ် ရပ်တည်နိုင်မှုကို အဓိကထား၍ NGO နှင့် ပြင်ပအကူအညီကိုမူ အရံသဘော မျိုးဖြင့်သာ မှီခိုအားထားနိုင်စေရန် (သို့မဟုတ်) ပြည်တွင်းပြည်ပ ပြည်သူများ၏ အကူအညီပိုမို ရရှိနိုင်စေရန် ကြိုးပမ်းကြရမည်**

တော်လှန်ရေးနိုင်ငံရေးအဖွဲ့အစည်းအများစုသည် အောင်ပွဲရရှိရေးအတွက် တိုက်ပွဲဝင်ခြင်းထက် အသွင်ကူးပြောင်းရေးကာလတခုဆီသို့ ဦးတည်ကြနေကြကြောင်း တွေ့ရှိရပါသည်။ အသွင်ကူးပြောင်းရေးစပ်ကူးမတ်ကူးကာလတွင် မည်သည့်အခန်းကဏ္ဍ၌ မည်ကဲ့သို့ ပါဝင်လုပ်ဆောင်မည်၊ မည်ကဲ့သို့ အုပ်ချုပ်ရမည်၊ အခြေခံဥပဒေ မည်ကဲ့သို့ ရေးဆွဲရမည် စသဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည်ကိုလည်း တွေ့ရှိရပါသည်။ သို့သော် အသွင်ကူးပြောင်းရေးဖြစ်ခဲ့လျှင်ဆိုသည်ထက် အသွင်ကူးပြောင်းရေးဆီသို့ ရောက်ရှိစေရန် မည်ကဲ့သို့ လက်တွေ့ကျကျ လုပ်ဆောင်လှုပ်ရှားရမည်ဖြစ်ကြောင်း အလေးထားပုံမရကြပေ။ တဘက်တွင် နိုင်ငံတကာ၏ ထောက်ခံမှု ပိုမိုရရှိစေရန် နအဖအာဏာရှင်စစ်အုပ်စုအပေါ် နိုင်ငံတကာမှ ပိုမိုဖိအားပေးလာစေရန် လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့၊ အခြားတဘက်တွင်လည်း မိမိအဖွဲ့အစည်း အင်အားကြီးထွားလာစေရန် လူထုထောက်ခံမှု၊ ပြည်သူများပါဝင်ပူးပေါင်းကူညီမှု ပိုမိုရရှိစေရန် စည်းရုံးရေးမျက်ခြေမပြတ်သင့်ပေ။ တော်လှန်ရေးနိုင်ငံရေးအခြေခံမူများအပေါ် ခိုင်ခိုင်မာမာရပ်တည်သွားရန် လိုအပ်လှပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် တော်လှန်ရေးအဖွဲ့အစည်းများသည် မိမိတို့ ခြေထောက်ပေါ်တွင် ခိုင်မာစွာရပ်တည်နိုင်စေရန် နည်းလမ်းများ ရှာဖွေကြရမည်။ ကိုယ့်ခြေထောက်ပေါ် ရပ်တည်နိုင်မှုကို အဓိကထား၍ NGO နှင့် ပြင်ပအကူအညီကိုမူ အရံသဘော မျိုးဖြင့်သာ မှီခိုအားထားနိုင်စေရန် (သို့မဟုတ်) ပြည်တွင်းပြည်ပ ပြည်သူများ၏ အကူအညီပိုမို ရရှိနိုင်စေရန် ကြိုးပမ်းကြရမည်။ တော်လှန်ရေးနိုင်ငံရေးတွင် ပြည်သူများတတတ်တအား ပိုမိုပါဝင်ပူးပေါင်းဆင်နွဲလာစေရန် စည်းရုံးလှုံ့ဆော်ကြရမည်။ တော်လှန်ရေးနိုင်ငံရေးတာဝန်များ ဝင်ရောက်ထမ်းဆောင်နိုင်စေရန် ခွဲဝေနေရာပေးဘိတ်ခေါ်ရမည်။ တော်လှန်ရေးနိုင်ငံရေးကို ပြည်သူ့တော်လှန်ရေး၊ ပြည်သူ့နိုင်ငံရေးအသွင် ပြုပြင်ပုံသွင်းပြီး ခေတ်ရေစီးကြောင်းဒါဏ် ကြံ့ကြံ့ခံနိုင်စေရန် ပြင်ဆင်စီမံရမည်ဖြစ်သည်။ သို့မှသာ ကိုယ်လိုချင်သော ပန်းတိုင် (သို့မဟုတ်) သူမသာကိုယ်မနာ အပေးအယူလုပ်မှုမျိုးကို ရင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

**ခိုင်လွန်းအောင် (ခေတ္တ ချင်းမိုင်)**

1 September 2004

စာမျက်နှာ (32) မှ

အပြန်အလှန်လေးစားကြတယ်၊ နားလည်မှုရှိကြတယ်။ အနာဂါတ်မှာ ပေါ်ပေါက်လာမဲ့ ပြည်ထောင်စုတပ်မတော်က တပ်မှူးတွေကို စနစ်တကျ မွေးမြူလေ့ကျင့်ထားဘို့ လိုပါတယ်။ ရဲဘော်များဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး စစ်အာဏာရှင်စနစ်ကို ခါးခါးသီးသီး မုန်းတီးတဲ့ တပ်မှူးတွေဖြစ်ဘို့လိုပါတယ်။

နအဖဟာ ပြည်သူ့ရန်သူဖြစ်တယ်ဆိုတဲ့ အမြင်သဘောထားရှိနေဘို့လိုပါတယ်။ ရန်သူကို ရန်သူလို တိုက်ခိုက်သွားရမှာဖြစ်ပါတယ်။ ပြောင်းလဲလာမဲ့ နိုင်ငံတကာအခြေအနေများအရ အင်္ဂါစုံတဲ့၊ ကိုယ်တခြမ်းမသေတဲ့ တော်လှန်ရေးဖြစ်ဘို့လိုပါတယ်။ ဒီမိုကရေစီတိုက်ပွဲအားကောင်းလာသလို လက်နက်ကိုင်တိုက်ပွဲပါ အားကောင်းလာဘို့ ဟန်ချက်ညီညီ ပူးပေါင်းလုပ်ဆောင်ကြပါတယ်။

**(မန်းရောဘတ်ဇံ 2004)**

# လက်နက်ကိုင်တော်လှန်ရေး အင်အားစုများကို ပံ့ပိုးကူညီကြ

ငြိမ်းချမ်းသာယာဝပြောရေး၊ လွတ်လပ်ရေးနဲ့ ဒီမိုကရေစီလူ့ဘောင်သစ်တည်ဆောက်ရေးအတွက် စစ်အာဏာရှင်စနစ်ကို အရင်းအမြစ်က ခုတ်ထွင်ရှင်းလင်းပစ်ရမှာဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်ရှိနေသမျှကာလပတ်လုံး ဘယ်နေရာ ဘယ်ဒေသ ဘယ်တိုင်းပြည်ကမှ ငြိမ်းချမ်းသာယာမှုမဟုတ်ဘူး။ သမိုင်းဖြစ်စဉ်အရ 1962 ခုနှစ်ကစပြီး ဗိုလ်နေဝင်းအမှူးပြုတဲ့ အကြမ်းဘက်စစ်အုပ်စုဟာ (တွေ့ဆုံဆွေးနွေးရေး) ဆိုတဲ့ နဖူးစည်းကို ရေးလဲသုံးပြီး လူမျိုးစုံပြည်သူတွေနဲ့ ကမ္ဘာကြီးကို လှည့်စားခဲ့တယ်။ တွေ့ဆုံဆွေးနွေးခဲ့တိုင်း တန်းတူရည်တူအဆင့်တွေ့ဆုံမှုမျိုးမဟုတ်ဘဲ **ရာဇပလ္လင်နဲ့ခွေးကတတ်** ပုံစံမျိုးခွဲခြားဆက်ဆံ တွေ့ဆုံခဲ့ကြတာမျိုးပါဘဲ။ တွေ့ဆုံခဲ့ကြတိုင်း (လက်နက်ချအညံ့ခံရေး) ကိုသာ အထက်စီးကနေ တောင်းဆိုခဲ့ကြတယ်။

မျက်မှောက်ကာလ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့နအဖအကြမ်းဖက်စစ်အုပ်စုအကြား တွေ့ဆုံဆွေးနွေးအဖြေရှာ ရေးလမ်းကြောင်းကို လေ့လာရင် အလွန် အလှမ်းကွာနေကြောင်း တွေ့ရပါတယ်။ သုံး ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဆိုတာ ဖြစ်လာ နိုင်ဘို့ အလှမ်းဝေးသထက် ဝေးနေပါသေးတယ်။

ဒီလိုဖြစ်တာ နအဖ အကြမ်းဖက်ဗမာစစ်အုပ်စုရဲ့ သဘောသဘာဝကြောင့်ပါဘဲ။ နအဖဟာ အာဏာသိမ်းစစ်ဗိုလ်တွေနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်တယ်။ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအခန်းကို စဉ်းစားရာမှာ စစ်တပ်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကြေပြွန်စွာထမ်းဆောင်တာကလွဲလို့ အခြားတာဝန်မရှိ။ ဒီမိုကရေစီနဲ့စစ်အာဏာရှင်ဟာ (ငရဲနဲ့ နိဗ္ဗာန်) ဖြစ်လို့ ပေါင်းစပ်လို့မရနိုင်ဘူး၊ ပေါင်းစပ်မိရင်တောင် ခေတ္တယာယီသာ ခိုင်မြဲမှာဖြစ်တယ်။ နိုင်ငံတော်ဦးဆောင်မှုအခန်းမှာ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များသာ ပါဝင်ရမှာဖြစ်တယ်။ စစ်ဗိုလ်တွေနိုင်ငံတော်ဦးဆောင်မှုအခန်းမှာ ပါဝင်ချင်ရင် 1990 ခုနှစ်ရွေးကောက်ပွဲကို အသိအမှတ်ပြု၊ အာဏာလွှဲ၊ တက်လာတဲ့အစိုးရသစ်ကို သစ္စာခံ၊ စစ်တပ်ကထွက်၊ နောက်တစ်ကြိမ်ရွေးကောက်ပွဲဝင်၊ အရွေးခံပြီဆိုရင် နိုင်ငံတော်ဦးဆောင်မှုအခန်းမှာ ပါလာမှာဖြစ်တယ်။

တော်လှန်ရေးတရပ် အောင်ပွဲခံဘို့ (ပါတီ၊ တပ်မတော်နဲ့ တပ်ပေါင်းစု) ဆိုတဲ့ အင်္ဂါသုံးရပ်လိုပါတယ်လို့ တော်လှန်ရေးခေါင်းဆောင်ကြီးတွေက မိန့်ကြားခဲ့ကြတယ်။ ကျနော်တို့ ဒီမိုကရေစီတော်လှန်ရေးအောင်ပွဲခံဘို့ အထက်ပါ အင်္ဂါ 3 ရပ်လိုပါတယ်။ ဒီမိုကရေစီတော်လှန်ရေးကို ဦးဆောင်နေတဲ့ ပါတီလက်နက်ကိုင်တပ်မတော်နဲ့ တပ်ပေါင်းစုတွေ လိုပါတယ်။

ဒီတပ်ပေါင်းစုကြီးက (နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး) လုပ်ငန်းများ ဟန်ချက်ညီညီ လုပ်ဆောင်သွားရေးဖြစ်တယ်။ ဒီအင်္ဂါ 3 ရပ် မတည်ဆောက်နိုင်သ၍ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်မှာမဟုတ်။

> **ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအခန်းကို စဉ်းစားရာမှာ စစ်တပ်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကြေပြွန်စွာထမ်းဆောင်တာကလွဲလို့ အခြားတာဝန်မရှိ။ ဒီမိုကရေစီနဲ့ စစ်အာဏာရှင်ဟာ (ငရဲနဲ့ နိဗ္ဗာန်) ဖြစ်လို့ ပေါင်းစပ်လို့မရနိုင်ဘူး၊ ပေါင်းစပ်မိရင်တောင် ခေတ္တယာယီသာ ခိုင်မြဲမှာဖြစ်တယ်**

အထက်ပါ အင်္ဂါ 3 ရပ်ထဲက တရပ်ဖြစ်တဲ့ ကိုယ်တခြမ်းသေနေတဲ့လူမဖြစ်ဘို့ စစ်ရေးကဏ္ဍ၊ လက်တွေ့မပါတဲ့ သဘောသက်သက်၊ သဘောတရားမပါတဲ့ လက်တွေ့သက်သက် အမြင်နှစ်ခုစလုံးကို တိုက်ခိုက်သွားဘို့ အချိန်တန်ပါပြီ။

1. တော်လှန်နေတဲ့ လူမျိုးစုံ တပ်မတော်များကို ဘက်စုံကူညီပံ့ပိုးထောက်ပံ့သွားရေး။
2. အနာဂါတ်ပြည်ထောင်စုတပ်မတော်အတွက် ပြင်ဆင်ရေးတို့ကို လုပ်ဆောင်ရပါမယ်။

**1. တော်လှန်တဲ့လူမျိုးစုံ တပ်မတော်များကို ဘက်စုံကူညီပံ့ပိုးထောက်ပံ့သွားရေး**

တော်လှန်တဲ့လူမျိုးစုံတပ်ပေါင်းစုဟာ 1949 ခုနှစ်ကတည်းက အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးတို့အတွက် ကိုယ့်ကြမ္မာကိုယ် ဖန်တီးပြီးတော်လှန်ခဲ့တာ ဒီနေ့အထိပါဘဲ။ ရန်သူအဆက်ဆက်ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဘို့နည်းလမ်းမရှာဘဲ အာဏာတည်မြဲရေးအတွက် စစ်တပ်ကိုသာ တိုးချဲ့တည်ဆောက်နေပါတယ်။ တော်လှန်တဲ့လူမျိုးစုံ တပ်မတော်များ ဆက်လက်ရပ်တည်နိုင်ရေးနဲ့ ပိုမိုလှုပ်ရှားနိုင်ရေးအတွက် ဘက်စုံကူညီပံ့ပိုးသွားဘို့။

**2. အနာဂတ်ပြည်ထောင်စု တပ်မတော်အတွက် ပြင်ဆင်ရေး**

ကမ္ဘာတည်သ၍ နိုင်ငံတော်ကို ကာကွယ်မယ့် ပြည်ထောင်စုတပ်မတော်တရပ်ရှိဘို့ လူမျိုးစုံပါဝင်တဲ့ ပြည်ထောင်စု တပ်မတော်ကို ဖွဲ့စည်းရမှာဖြစ်ပါတယ်။ တပ်မတော်ဟာ ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတွေကို ကာကွယ်တဲ့၊ သစ္စာရှိတဲ့ တပ်မတော်ဖြစ်ရမယ်။ စစ်ကြောင်းမှာ လူမျိုးစုံလက်နက်ကိုင်တပ်ဖွဲ့တွေပါတယ်။ စစ်ကြောင်းမှာ လူမျိုးစုံတယ်၊ ဘာဝစုံတယ်၊ ပါတီစုံတယ်။ ဒီစစ်ကြောင်းကို ပြည်ထောင်စုအငယ်စားလေးလို ဖွဲ့စည်းတယ်။ ဒီမိုကရေစီရှိတယ်၊ တန်းတူတယ်၊ လူ့အခွင့်အရေးအပြည့်အဝရှိတယ်။

စစ်ကြောင်းရှိ ရဲဘော်အားလုံးဟာ **ဘာဝ** တခုထဲက မိသားစုကြီးလိုဖြစ်နေတယ်။ လူမျိုးရေးမုန်းတီးမှုတွေမရှိကြဘူး၊ အားလုံးဟာ **နအဖ** ရဲ့ ဖိနှိပ်ခံသားကောင်၊ ကျေးကျွန်တွေအဖြစ်ခံယူထားကြတယ်။ ရဲဘော်များအချင်းချင်း

စာမျက်နှာ (31) သို့